မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ နယုန်လဆန်း ၂ ရက်၊ ၂၀၀၈ခုနှစ်၊ ဇွန် ၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၄၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

လေဘေးသင့်ဒေသများကို မူလအနေအထားထက် ပိုမိုတိုးတက်အောင် ပြန်လည်တည်ဆောက်
စိုက်ပျိုးရေးလုပ်ငန်းများ မူလစိုက်ကေထက် မလျော့စေဘဲ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် စီစဉ်
နေရေး၊ စားရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုမြင့်မားလာအောင် ဦးတည်ဆောင်ရွက်

နေပြည်တော် ဇွန် ၄

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဦးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြင်စလူဖြို့၌ လေဘေးသင့် မိသားစုများအား ပြန်လည်တည်ဆောက်ရေး လိုအပ်ချက်များ၊ လူနေမှုဘဝ မြှင့်တင်ပေးရေး ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ နိုင်ငံတော်ကစီမံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အတော်

(၂၀၀၈ ခုနှစ် ဇွန် ၅ ရက်)

လေဘေးသင့်ဒေသများ ပြန်လည်ဖွံ့ဖြိုးစည်ပင်ရေး နိုင်ငံတော်နှင့်အတူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်

သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောင်မြင်ပြီးမြောက်လုနီးပါးရှိနေပြီဖြစ်၍ ပြန်လည်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး အစီအမံများကို ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားများ တည်ဆောက်ရေး၊ ပြည်သူများ၏ စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ပစ္စည်း၊ နည်းပညာနှင့် လိုအပ်ချက်များကို လျင်မြန်ထိရောက်စွာ ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် ရေရှည်သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရေလွတ်ကုန်းမြင့်များ တည်ဆောက်ခြင်း၊ လမ်းများဖောက်လုပ်ရာတွင် ဆက်သွယ်ရေးသာမက ရေဘေးခိုလှုံနိုင်သည့် လမ်းအမြင့်ရအောင် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာတွင် နဂိုမူလအခြေအနေထက် သာလွန်တိုးတက်မြင့်မားစေရေး ရည်မှန်းပြီး တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်သွားရန် စီစဉ်ထားသည်။

နိုင်ငံတော်စီးပွားရေးနှင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားတိုးတက်မြင့်မားရေးတို့အတွက် အဓိကကျသည့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဆားလုပ်ငန်းတို့နှင့်အတူ ရေလုပ်ငန်းများ ပြန်လည်ထူထောင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းနေကြပြီဖြစ်သည်။

ဒေသတစ်ခုနှင့်တစ်ခု ရေမြေသဘာဝအနေအထားပေါ် မူတည်ပြီး စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင် လျက်ရှိသဖြင့် နိုင်ငံတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပြီး ဒေသလိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရေး အလေးထားပုံပိုး ဖြည့်ဆည်းပေးလျက်ရှိသည်။

လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများနှင့်အတူ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များကပါ မိမိတို့၏မိသားစုဝင် သွေးချင်းများကို အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်နေကြခြင်းသည် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် မြဲမြဲခိုင်မာမှုကို ဖော်ညွှန်းပြဆိုနေခြင်းပင်ဖြစ်သည်။

လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများအပါအဝင် လုပ်ငန်းရှင်များက နိုင်ငံတော်နှင့်အတူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လေဘေးသင့်ဒေသများရှိ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးစည်ပင်လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျွန်းနံ့သာအရှင်နန္ဒသိရီနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ လေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ပစ္စည်းများလှူ

ရန်ကုန် ဇွန် ၄

ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီ ဦဆောင်သော တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများသည် မေ၃၁ရက်က ဖျာပုံမြို့နယ် စွယ်တော်ကုန်းကျေးရွာ၊ ဘုရားလေးဆူကျေးရွာ၊ မန်းကျည်းကန်ကျေးရွာနှင့် ဒေးဒရဲမြို့နယ် ဖိုးရှမ်းကြီးကျေးရွာရှိ လေဘေးသင့်ပြည်သူများအား ဆန်၊ ပဲ၊ ကြက်သွန်၊ ဆား၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးများ၊ သောက်ရေသန့်နှင့် ငါးခြောက်များ၊ အိမ်ဆောက်နိုင်ရန် သွပ်ပြားများ၊ သက်နံး၊ အဝတ်အထည်များနှင့် အလှူငွေများအား ပြည်သူတို့၏ လက်ဝယ်အရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (အောက်ပုံ) (သတင်းစဉ်)

မြဝတီရပ်မြင်သံကြား

၅-၆-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့ မွေးရပ်မြေ** (အပိုင်း-၁)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း -၇၁)
၈း၀၀	၁၆။	မြဝတီရပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာဓား** (အပိုင်း-၂၆)

မြောင်းမြနှင့် လပွတ္တာ ဆေးရုံများအတွက် ထိုင်းနိုင်ငံဆေးကုသရေးအဖွဲ့ ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဒုတိယအသုတ်အဖြစ် ရောက်ရှိလာသော ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ Dr.Kamron Chaisiri ဦးဆောင်သော ကျန်းမာရေး စောင့်ရှောက်သူများအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန်၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မြောင်းမြမြို့သို့ထွက်ခွာခဲ့ပြီး ဇွန်၂ရက်တွင် မြောင်းမြမြို့ တန်၂၅ဝဆန်စက်ဝင်းရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော် ဆေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးကြသည်။

ထို့အပြင် ထိုင်းနိုင်ငံဆေးအဖွဲ့မှ Dr.Anurak နှင့် ဇင်းမယ်မှ အလှူရှင်များ လှူဒါန်းသော ငွေကျပ်၃၄၇၇၀၀၀တန်ဖိုးရှိ အောက်စီဂျင်ထုတ်စက်နှစ်လုံးနှင့် ECGတိုင်း စက်တစ်လုံးတို့ကို မြောင်းမြခရိုင်ဆေးရုံကြီးနှင့် လပွတ္တာဆေးရုံတို့အတွက် လှူဒါန်းရာ မြောင်းမြခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်စိုးက လက်ခံသည်။

ဆက်လက်၍ Dr.Anurakနှင့်အဖွဲ့က လေဘေးသင့် မိဘမဲ့ကလေးများအတွက် အလှူငွေကျပ်၇၃၅၀၀၀နှင့် Dr.Pichitနှင့်အဖွဲ့မှ ချိုချဉ်သေတ္တာနှစ်လုံးကို လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ညွှန့်က လက်ခံသည်။

ထိုင်းနိုင်ငံမှ ကျန်းမာရေးအဖွဲ့သည် မြောင်းမြမြို့နယ်၌အခြေစိုက်၍ ဇွန်၁၄ရက်အထိ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံ အင်ဂျင်နီယာအသင်းချုပ်များ နှစ်ဝက်အစည်းအဝေးတက်ရန် အသင်းဥက္ကဋ္ဌ ဦးသန်းမြင့် ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် ဇွန် ၄

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ဇွန်၂ရက်မှ ၅ရက်အထိ ကျင်းပမည့် အာဆီယံ အင်ဂျင်နီယာအသင်းချုပ်များ၏ နှစ်ဝက်အစည်းအဝေးပွဲ (AFEO Mid Term Meeting)သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်သည် ရန်ကုန်မြို့မှ လေကြောင်းခရီးစဉ်ဖြင့် ဇွန် ၁ရက် နံနက်ပိုင်းက ထွက်ခွာရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသော ပါမောက္ခဦးခင်မောင်ချစ်၊ ဦးအောင်မြင့်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးပြည်စိုး၊ ဦးသန်းထွန်းအောင်နှင့် မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်မြင့်နှင့် ဗဟိုကော်မတီဝင် ဦးသန်းထွန်းအောင်တို့သည်လည်း အဆိုပါအစည်းအဝေး တက်ရောက်ရန်အတွက် ရန်ကုန်မြို့မှ ယင်းနေ့ညနေပိုင်းက လေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာကြကြောင်းသိရသည်။ (သတင်းစဉ်)

ဇွန်၂ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Prof: Dr. Munar Lubis. SP.A ဦးဆောင်သည့် ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

❑ *ကျောက်ဖုံးမှ*

ပုဂ္ဂလိက တိုင်းရင်းသား လုပ်ငန်းရှင်များအားလုံး အင်အားအပြည့်အဝ ပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ပထမအဆင့် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အချိန်တို အတွင်း ပြီးစီးပြီး ဒုတိယအဆင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဤကဲ့သို့ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ကြီးမားသည့် သဘာဝဘေးအန္တရာယ်ကြီးတွေ့ရချိန်တွင် အခြားပြည်နယ်၊ တိုင်းများမှ ပြည်သူ့တစ်ရပ်လုံးက မိမိတို့ကိုယ်တိုင် ဒုက္ခခံစားရသကဲ့သို့ ကိုယ်ချင်းစာနာစိတ်ဖြင့် ရွေကြေး၊ အစားအသောက်အပြင် ကြက်ခြေနီတပ်ဖွဲ့များလည်း ပါဝင်ဆောင်ရွက်ခြင်းစသည်ဖြင့် မိမိတို့ တတ်နိုင်သမျှ ပိုင်းပန်းကူညီဆောင်ရွက်မှုများသည် မိသားစုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ပိုင်းပန်းကူညီဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပြီး လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ပါမကျန် ပူးပေါင်းဆောင်ရွက်ကြသဖြင့် လုပ်ငန်းများ ပိုမိုဆောင်မြင်ရခြင်းဖြစ်၍ နိုင်ငံတော်က မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း။

ပိုင်းပန်းပုံပိုး

လေဘေးသင့်ဒေသများအတွက် ပြန်လည်တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံတော်၏ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် စက်မှုလယ်ယာကူးပြောင်းရေးကို အခွင့်အလမ်းတစ်ရပ်အဖြစ် ခံယူပြီး အကောင်းဆုံးပေါ် လာစေရမည်။ ပိုင်းပန်းပုံပိုးပေးရန်လိုကြောင်း၊ ဒေသတွင်း မူလလိုချင်း စိုက်ကေကို အပြည့်အဝစိုက်ပျိုးသွားရန်အပြင် ရေ၊ မြေ ကောင်းမွန်သောဒေသများ၌ အထွက်တိုးရေး စီမံဆောင်ရွက်ရန်ဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာလူမျိုးတို့အားထားသော အခြေခံစားကုန်များဖြစ်သည့် ဆန်၊ သီးနှံနှင့် ဆားကို ဒေသအလိုက် ပြည့်နှံဖူလုံဆောင်နှင့် အချို့သောဒေသများကို နိုင်ငံတော်၏ အခြေခံစားကုန်ထုတ်လုပ်ရာဒေသများ ဖြစ်အောင် စီမံဆောင်ရွက်ကြရန်လမ်းညွှန်မှာကြားချက်နှင့်အညီ ရေရည်ကိုမျှော်တွေးပြီး အာဂါတက်ခ စီမံဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ဒေသတစ်ခုခု အသုံးပြုသော်လည်း စိုးရိမ်ပူပန်ဖွယ် မရှိသည့် အခြေခံနေမှာ ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍာနှင့် ပတ်သက်၍ ယမန်နှစ်က တစ်နိုင်ငံလုံးတွင် ဧရေပေါ်းနှင့် မိုးစပေါ်း စုစုပေါင်း စိုက်ဧက ၁၉ သောင်း ၉၉ သန်း စိုက်ပျိုးခဲ့ပြီး ဧရာဝတီတိုင်းအနေဖြင့် ဧရေပေါ်းနှင့် မိုးစပေါ်း စုစုပေါင်း ၄ သောင်း ၉၅ သန်း စိုက်ပျိုးခဲ့ကြောင်း၊ ယခု မုန်တိုင်း၁၇ကြောင့် ထိခိုက်ခဲ့သည့် ဧကပေါင်းမှာ ၀၁သောင်း ၁၈ သန်း ဧကသာ ရှိသဖြင့် တစ်နိုင်ငံလုံး စိုက်ဧက၏ ၀ သောင်း ၀၀၉ရာခိုင်နှုန်း၊ ဧရာဝတီတိုင်းစိုက်ဧက၏ ၀ သောင်း ၀၃၆ရာခိုင်နှုန်း ရှိကြောင်း။

ကြီးစားဆောင်ရွက်

သို့သော် ဧရာဝတီတိုင်းအနေဖြင့် စိုက်ပျိုးရိုးအမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးပြီး ဒေသခံများကလည်း ကြိုးစားဆောင်ရွက်ကြရည်ဆိုလျှင် ဧရာဝတီတိုင်းသည် မူလစိုက်ဧကမီးပါး ဆောင်ရွက်နိုင်စေပဲဟု ယုံကြည်ကြောင်း။

သို့ဖြစ်၍ လက်ရှိအခြေအနေသည် စားရေးအတွက် စိုးရိမ်ပူပန်ရန်မလိုတော့ဘဲ လေဘေးသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လယ်ထွန်စက်၊ ဓာတ်မြေဩ၊ စက်သုံးဆီ၊ ပုံ့ထောင်လေ့၊ ငါးဖမ်းပိုက် စသည့် လုပ်ငန်းခွင်သုံးပစ္စည်းများ ကူညီပေးနိုင်စေရေးကိုသာ အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှိုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်ဆေးသည် တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံ ဆန်စက်အသင်း၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များ အသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်ဆေးက ရှင်းလင်းမှာကြားသည့် အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်ပြီး တာဝန်ရှိသူများသည် ပေတောဖြို့နယ်နှင့် လမ္ဘတ္တာဖြို့နယ်ဒေသများ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စစ်လျှောင်း၍ အသေးစိတ်ဆက်လက်သိမ်းပိုက် ဆွေးနွေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းသို့ ညီနိုင်းဆွေးနွေးရာတွင် ရေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်ဆေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် မိမိတို့အဖွဲ့သည် လေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်မှုယိုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ဇွန် ၁ ရက်ကတည်းက လုပ်ကိုင်ခဲ့ကြောင်းရှင်းပြီး လိုအပ်သည်များကို ပြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်ကတည်းက ဖွဲ့စည်းထားသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီ ၁၀ခုသည် လေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးခဲ့ကြောင်း။

စွမ်းအားစု သုံးရပ်

အဖျက်စွမ်းအားကြီးမားသည့် မုန်တိုင်းကြောင့် ထိခိုက် ပျက်စီးခဲ့ရသည်များကို နိုင်ငံတော် အဖိုးရှိ ပြည်သူနှင့် တပ်မတော် စွမ်းအားစုသုံးရပ် လက်တွဲဆောင်ရွက်ခဲ့မှု၊ လူမှုရေး အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အောင်မြင်အောင် လျင်လျင်မြန်မြန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်ဆေးတို့၏ မှာကြားလမ်းညွှန်မှုများနှင့်အညီ လေဘေးသင့်ဒေသများ မူလအနေအထားထက် ပိုမိုဖွံ့ဖြိုးလာအောင်၊ လေဘေးသင့် ပြည်သူများ၏ ဘဝအဆင့်အတန်း ယနေ့ထက် ပိုမိုမြင့်မားလာအောင် ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဧရာဝတီတိုင်း အတွင်းရှိ လေဘေးသင့် ပြည်သူများကို လေ့လာပါက စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူ၊ငါးဖမ်းလုပ်ငန်းဆောင်ရွက်သူ၊ ဆားလုပ်ငန်းဆောင်ရွက်သူ အတွေ့ထွေရောင်းဝယ်မှု လုပ်ကိုင်သူပေါ့၍ ခွဲခြားတွေ့ရှိရကြောင်း။

စီမံဆောင်ရွက်

ယင်းတို့အနက် စိုက်ပျိုးရာသီသို့ ရောက်လာပြီ ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများ လုပ်ငန်းခွင်သို့ အချိန်နီ ဝင်ရောက်နိုင်ရေးအတွက် လက်တွန်းထွန်စက်၊ ပျိုး၊ စက်သုံးဆီ စသည်တို့ကို ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန် စီမံဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း။

ကြည်အေးဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်း မော်ဘီဖြို့နယ် လက်ပံတန်းစုကျေးရွာ ကြည်အေးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လစဉ် တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခုနယုန်လတရားစခန်းပွဲကို ၁၃၇၀ပြည့်နှစ် နယုန်လဆန်း စရက် (ဇွန် ၁၁ရက်) ဗုဒ္ဓဟူးနေ့ ညနေအရောက် ယောဂီများ လာကြရမည် ဖြစ်သည်။

ဆက်သွယ်နိုင်

တရားစခန်းပွဲကို ကြည်အေးဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တဓာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပန်သယအတိုင်း ဟောကြားမည်ဖြစ်ရာ ယောဂီများ ရွေးကြာ ဆန်ဆီရောင်းဝယ်ရေး ဓောတီလခန်းကြီး(ဆ)ရပ်ကွက် မြောက် ဥက္ကလာပ ဖုန်း-၀၉-၉၉-၇၃၆၉၂၊ ၀၉-၅-၅၀၅၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ဂ-ပ)

ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၄

လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် ကာကွယ်ရေး၊ ပန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ရဲဘက်ဗိုလ်မှူး ဒေါက်တာ ဝေယံ(ခ)ဖိုးသန်းရှိ ကုန်းအောက်ခံတပ်ဖွဲ့ဝင်များမှ အထူးဆေးအဖွဲ့ တစ်ဖွဲ့သည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ရတနာကီပေအားကစားကွင်း၊ (၃)မိုင်နှင့် (၅)မိုင်စခန်းတို့၌ ဖြန့်ခွဲပြီး ဆေးဖုန်းခြင်း၊ ဆေးမှတ်ခြင်း၊ သောက်သုံးရေ နမူနာစစ်ဆေးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြံပြုခြင်း လုပ်ငန်းများ ကိုလည်းကောင်း၊ ထင်းပုံ့ဆိပ်ကျေးရွာ၌ ဘယ်လိုကျိယ်ဆေးအဖွဲ့နှင့်အတူ ပူးပေါင်း၍ ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ပိုင်းပန်းဆောင်ရွက်

အလားတူ ဘိုကလေးမြို့နယ်ခန်းမ၌ အထူးဆေးအဖွဲ့တစ်ဖွဲ့သည် အမ်ဘီယာဆေးအဖွဲ့နှင့် ပူးပေါင်း၍ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကိုလည်းကောင်း၊ ခြောင်းမြစ်ကြီးတွင် ထိုင်းနိုင်ငံမှ ဆေးအဖွဲ့များ၊ ကျန်းမာရေးခန်းကြီးဌာနမှ ဆေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပြီး ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒေးခရု၊ ငပုတောနှင့် ဟိုင်းကြီးကျွန်းမြို့နယ်များတွင်လည်း အထူးဆေးအဖွဲ့များသည် နယ်မြေဒေသအလိုက် ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေး လုပ်ငန်းများကို တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ပိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မလွန်ဆန်လှုံ့ဆော်ရေးနှင့် ဓမ္မကထိကဆရာတော်များ ငွေကျပ်သိန်း၁၀၀နှင့်ပစ္စည်းမျိုးစုံလှူဒါန်း

ရန်ကုန် ဇွန် ၄

မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး ညီမူရာခန်းမ၌ ဓရာဝရက် နံနက်စာနေ့ရောက်ခဲ့တွင် ဥက္ကဋ္ဌ ဦးမောင်မောင် အမှူးပြုသော အလုပ်အမှုဆောင်များ ဆွေးနွေးကြရာ ဘဏ္ဍာရေးမှူး ဦးကျော်ဆေးက လေဘေးဒဏ်ခံခဲ့ရသော မလွန်ဆန်လှူသင်းဆောက်များအား အသင်းကြီးမှ ငွေကြေးကူညီသင့်ကြောင်း အကျိုးပြုရာ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက အသင်းကြီး၏ ရန်ပုံငွေမှ ကျပ်သိန်း ၁၀၀ ကူညီပံ့ပိုးရန် ဆုံးဖြတ်ကြသည်။

ပစ္စည်းမျိုးစုံ

မန္တလေးမြို့ မလွန်ဈေးဆန်လှူ အသင်းကြီးမှ ဆန်အိတ် ၃၅၀၀ နှင့် အလှူခံရရှိသော သက်နိုးအစရှိသည့် ပစ္စည်းမျိုးစုံတို့ကို နယ်လှည့်ဓမ္မကထိက သစ္စာဝါဒီ ဆရာတော်အရှင်ဝေဓမိယ ဦးဆောင်မှုဖြင့် အသင်းကြီး၏ အလုပ်အမှုဆောင်များ၊ ဝန်ထမ်းများ၊ ရန်ကုန်မလွန်ဆန်လှူ သင်းဆောက်အဖွဲ့များနှင့်အတူ ရောဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ လေဘေးသင့် ပြည်သူများနှင့် သင်းဆောက်များကို ဆန်အိတ်ပေါင်း ၂၀၀၀ ကျော်နှင့် ပစ္စည်းမျိုးစုံ လှူဒါန်းကြသည်။ (အမေါ်ပုံ)

လှူဒါန်းမည်

ထပ်မံရရှိလာသော အလှူငွေနှင့် ပစ္စည်းမျိုးစုံတို့ကို မလွန်ဆန်လှူ ဓမ္မကထိကဆရာတော်များဖြစ်ကြသော ဦးမုနိန္ဒ၊ ဦးဣန္ဒက၊ ဦးတောစာစာရ၊ ဦးကေသဝ၊ ဦးကုသလဗဒ္ဓိ ဆရာတော်တို့က ဓမ္မသာဝင်များ ဆင်ယင်ကျင်းပ၍ အလှူခံရရှိသော ငွေနှင့်ပစ္စည်းမျိုးစုံတို့ကို ဓမ္မကထိက ဆရာတော်များ ဦးဆောင်မှုဖြင့် ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အလုပ်အမှုဆောင်များက သွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (ဂ-ပ)

ပြန်ကာလင်း အင်တာနက်ကျန်းမာရေး

ရဲယိုသီးပုံမှန်စားသုံးလျှင် မျက်စိရောဂါများကာကွယ်နိုင်

ရဲယိုသီးသည် ထူးခြားသော အနံ့အရသာရှိသည့် သစ်သီးတစ်မျိုး ဖြစ်သည်။ အရသာမှာချိုပြီး အနည်းငယ်သက်သည်။ အခွံပါးပြီး အရည်ရွှမ်းသော သစ်သီးဖြစ်ပြီး အာရှဒေသတွင် စားသုံးမှုများသည့် သစ်သီးလည်းဖြစ်သည်။

ဓာတ်ပစ္စည်းများပါဝင်

ရဲယိုသီးတွင် ပါဝင်သော ဓာတ်ပစ္စည်းများမှာ ဗီတာမင်စီ၊ ဗီတာမင် ဘီ ၃၊ သံဓာတ်၊ ပိုတက်ဆီယမ်၊ ဗီတာမင်အေ၊ ကယ်လ်စီယမ်နှင့် ဆိုဒီယမ်တို့ပါဝင်သည်။ ထို့အပြင် ရဲယိုသီးတွင် အစာချေဖျက်မှုကို အားပေးသည့် ဓာတ်ပေါင်းလည်း ပါဝင်သည်။

ကာကွယ်ပေးနိုင်

ရဲယိုသီးနှင့် ရဲယိုသီးဖျော်ရည်တို့ကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့်စားသုံးသွားပါက မျက်စိရောဂါ၊ အရေပြားရောဂါနှင့် လည်ချောင်းရောဂါများဖြစ်ပွားမှုမှ ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ထို့အပြင် ရဲယိုသီးကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့် စားသုံးခြင်းဖြင့် ပန်းနာရောဂါ၊ ချောင်းဆိုးရောဂါတို့ကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ ပုံမှန်စားသုံးသူများသည် မျက်စိရောဂါများ ကာကွယ်ပေးနိုင်ပြီး မျက်စိတိမ်ခဲခွဲခြင်း၊ ဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၌ မုံးရင်ရေလှောင်တမံဖွင့်လှစ် ဒေသတွင်း သောက်သုံးရေနှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မည့်အပြင် လယ်မြေဧက ၂၆၀၀ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်

နေပြည်တော် ဇွန် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ကျေးရွာအနီးရှိ မုံးရင်ရေလှောင်တမံဖွင့်ပွဲကို မေ ၃၁ရက် နံနက် ၉နာရီခွဲတွင် အဆိုပါ ရေလှောင်တမံ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တိုင်းရင်းသားအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထိန်းသိမ်း

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က အမှာစကား ပြောကြားရာ၌ ဒေသခံတိုင်းရင်းသားတောင်သူများ အနေဖြင့် မိမိတို့ဒေသအတွင်းရှိ ဆည်၊ တမံရေများကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မုံးရင်ရေလှောင်တမံမှာ အဓိကလိုအပ်လျက်ရှိသော ဒေသအတွင်း သောက်သုံးရေနှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မည့်အပြင် နွေစပါး၊ မိုးစပါးနှင့် ရာသီသီးနှံများကိုလည်း တစ်နှစ်ပတ်လုံး ပိုမိုစိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း၊ ရေလှောင်တမံ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက်လည်း ဒေသခံပြည်သူများမှ ဌာနဆိုင်ရာများနှင့် ပိုင်းဝန်းပူးပေါင်း ထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မုံးရင်ရေလှောင်တမံ ဖွင့်လှစ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နမ္မတူမြို့နယ် ဒေသခံ ပြည်သူများကိုယ်စား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးကိုကိုလွင်က မုံးရင်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က မုံးရင်ရေလှောင်တမံ ကမ္မည်းကျောက်စာကို မင်္ဂလာအချိန်တွင် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မုံးရင်ရေလှောင်တမံ ကမ္မည်းကျောက်စာကို အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်တို့က မုံးရင်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနား အပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ဖျော်ဖြေရေးအဖွဲ့များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကများဖြင့် သီဆိုကပြမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ မုံးရင်ရေလှောင်တမံ တည်ဆောက်ထားရှိမှုနှင့် ရေထုတ်ပြန်၊ ရေထိန်းမျှော်စင်၊ ရေပိုလွှဲစသည့် ရေလှောင်တမံ စီမံကိန်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးအား စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းတင်က မုံးရင်ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ပြည်နယ် မြေစာရင်းဦးစီးမှူး ဦးမြင့်လှိုင်က ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ပေးဝေ

မုံးရင်ရေလှောင်တမံသည် နိုင်ငံတော် ၏ ၂၁၁ ခုမြောက် ရေလှောင်တမံဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း သုံးခုမြောက် ရေလှောင်တမံဖြစ်ကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ကျေးရွာအနီး နမ့်ဆွမ်ချောင်းပေါ်တွင်တည်ရှိ၍ တမံအလျား ပေ၁၇၀၀၊ တမံအမြင့်ပေ၁၀၀၊ ကန်ရေပြည့် ရေလှောင် ပမာဏမှာ ဧက ပေ ၂၈၄၂၀ ဖြစ်သည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၁၆၉၀ အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကာ မုံးရင်ရေလှောင်တမံ ဖွင့်လှစ်နိုင်ခြင်းဖြင့် နမ္မတူမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၆၀၀ အတွက် တစ်နှစ်ပတ်လုံး လိုအပ်သည့် စိုက်ပျိုးရေကို ပေးဝေနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၄/၂၀၀၇-၂၀၀၈)အစည်းအဝေးတွင် အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံ ရွှေသန့်လုပ်ငန်း) က ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မုံးရင်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၄

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ Malteser International မှ လှူဒါန်းသော ဆေးဝါးမျိုးစုံ၊ အသက်ကယ်လှေအင်ဂျင်များ၊ လူနာထမ်းစင်များ၊ တာပေါ်လင်များ စုစုပေါင်း ၁၆ ဒသမ ၃၄ တန်သည် AN-12 လေယာဉ်ဖြင့် ယနေ့နံနက် ၉နာရီ ၅ မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ပလတ်စတစ်စ၊ ခြင်ထောင်များ စုစုပေါင်း ၈၃ ဒသမ ၄၉ တန်သည် AN-12 လေယာဉ်နှစ်စင်းနှင့် IL-76 လေယာဉ်နှစ်စင်းတို့ဖြင့် နံနက် ၁၀နာရီ ၄၅မိနစ်၊ မွန်းလွဲ ၁၂နာရီခွဲ၊ ညနေ ၄နာရီ ၅၇မိနစ်နှင့် ညနေ ၅နာရီ ၁၅မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ မဟာချူလာလောင်ကွန် ဗုဒ္ဓဘာသာတက္ကသိုလ်မှ လှူဒါန်းသော ရေသန့်များ၊ စောင်များ၊ နို့မှုန့်များ၊ မျက်နှာသုတ်ပဝါများ၊ မီးသီးများ၊ ဝက်သားဆန်ပြုတ်ထုပ်များ၊ ဆေးပစ္စည်းမျိုးစုံ၊ အဝတ်အစားများ၊ ဆန်များ စုစုပေါင်း ၂၀ ဒသမ ၂၈ တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက် ၁၀နာရီ ၅၂မိနစ်နှင့် နံနက် ၁၁နာရီ မိနစ် ၄၀ တို့တွင်လည်းကောင်း၊ Baiyoke Hotel Group မှ လှူဒါန်းသော ဆန်အိတ် ၇၀၊ အထည်အလိပ် ၁၄ ထုပ် စုစုပေါင်း ၂ ဒသမ ၇၉ တန်သည် 8M-332 လေယာဉ်ဖြင့် နံနက် ၁၁ နာရီတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ပလတ်စတစ်မြက်ဖျာများ၊ ပလတ်စတစ်စများ၊ ခြင်ဆေးခွေများ စုစုပေါင်း ၁၂ ဒသမ ၇၉ တန်သည် C-130 လေယာဉ်သုံးစင်းဖြင့် နံနက် ၁၁နာရီ ၄၅မိနစ်၊ မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ နှင့် ညနေ ၃နာရီ ၃၅မိနစ်တို့တွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသော တာပေါ်လင်များ၊ ဆေးဝါးမျိုးစုံ စုစုပေါင်း ၃၅ ဒသမ ၆၉ တန်သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁ နာရီ ၃၅မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာကြသည်။

ဖြန့်ဝေပေးပို့

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့်ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့က စနစ်တကျလက်ခံရယူပြီး နောင့်နေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်း ဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသထောက်ပံ့ရန် အထူးတရားပွဲကျင်းပ

ရန်ကုန် ဇွန် ၄

ရေဦးမြို့ အောင်ဆန်းရပ်ကွက် တော်ဝင်နှင်းဆီခန်းမ၌ ဇွန် ၃ရက်မှ ၆ရက်အထိ ညစဉ် ဂုနာရီခွဲတွင် လေဘေးသင့်ဒေသရှိ ရဟန်းရှင်လူပြည်သူများအား ထောက်ပံ့ရန် အတွက် မြို့နယ်သံဃနာယကအဖွဲ့မှ ဦးစီး၍ အထူးတရားပွဲကျင်းပရာ ပထမနေ့ညတွင် မင်္ဂလာကျောင်း ဆရာတော်ဘဒ္ဒန္တဝေဗုလ္လစာရ၊ ဒုတိယနေ့တွင် မွေးရုံကျောင်းစာချဆရာတော် ဘဒ္ဒန္တကုမာရ၊ တတိယနေ့တွင် ဆီဆုံလေးဆရာတော် ဘဒ္ဒန္တစန္တိမာ၊ စတုတ္ထနေ့တွင် ဥယျာဉ်ကျောင်းဆရာတော် ဘဒ္ဒန္တသူရိယတို့က တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ စည်းဝေး

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏(၄/၂၀၀၇-၂၀၀၈) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၃ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Tower ရှိ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေးဦးစွာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော်(အကယ်ဒမီရွှေသန့်လုပ်ငန်း)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ဝင်း(ဦးထုံရွှေပန်းထိမ်ဆိုင်)က အလုပ်အမှုဆောင်အဖွဲ့(၃/၂၀၀၇-၂၀၀၈)အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်(ရွှေမြင်းပျံ ရွှေသန့်လုပ်ငန်း)က လက်ရှိ ရွှေဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေကို ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ပဉ္စမအကြိမ် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး (၂၀၀၇ခုနှစ်)အတွက် ထည့်ဝင်ခဲ့သည့် ရန်ပုံငွေကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

လေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဝင် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များ၊ ရွှေဆိုင်ပိုင်ရှင်များ၊ ရွှေကုန်သည်များက စုပေါင်း၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကွပ်ကဲမှုအဖွဲ့သို့ အလှူငွေ ကျပ်သိန်း ၁၀၀၊ သီတဂူမွေမိမာန်မှတစ်ဆင့် အလှူငွေကျပ်သိန်း ၁၂၀၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံဒေသများရှိ လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၅၀တန်ဖိုးရှိ ဆန်၊ ရေသန့်၊ အဝတ်အထည်နှင့် စားသောက်ကုန်များ စုစုပေါင်း ငွေကျပ် ၃၇၃၃၆၅၀၀ကို လှူဒါန်းခဲ့သည်။

ထို့အတူ မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များက စုပေါင်း၍ အလှူငွေကျပ် ၁၂၅သိန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တစ်ဆင့်လည်းကောင်း၊ မကွေးတိုင်း ရွှေလုပ်ငန်းရှင်များ အသင်းက စားသောက်ကုန်၊ ထောက်ပံ့ရေးပစ္စည်း၊ ငွေနှင့် အလှူငွေ စုစုပေါင်းငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ တောင်ကြီးမြို့ ရွှေလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် ၁၅သိန်းကို ကုန်သည်များအသင်းသို့လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်တောင်သူများအတွက် စိုက်ပျိုးရေးဆိုင်ရာပစ္စည်းများ လှူဒါန်းမည်

ရန်ကုန် ဇွန် ၄

လေဘေးသင့်တောင်သူများ၏ လူမှုဘဝပြန်လည်ရှင်သန် အထောက်အကူပြုနိုင်ရေးအတွက် ပျက်စီးဆုံးရှုံးသွားသည့် စိုက်ခင်းများ ပြန်လည် ထူထောင်ရေးအတွက် လိုအပ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ မျိုးစေ့များ၊ ပျိုးပင်၊ ဓာတ်မြေသြဇာများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ စသည့် သွင်းအားစုများကို မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်းက လေဘေးဒဏ်ခံရသည့် နေရာဒေသများသို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။

အသင်းဝင်များ၊ အသင်းဝင်ကုမ္ပဏီများနှင့် ပြင်ပမှ စေတနာရှင်များသည် မျိုးစေ့၊ ပျိုးပင်၊ ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ပါဝင်လှူဒါန်းလိုပါက မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်၊ တင်ပို့ရောင်းချသူများအသင်း ဖုန်း-၅၁၄၂၂၆ အဆောင်(A) ခြောက်လွှာ ဒဂုံစင်တာ အမှတ် ၂၆၂/၂၆၄ ပြည်လမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ဇွန် ၁ရက်က သဃီန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် ကျိုက်ဒေးယျူ(ရန်ကုန်) အာနန္တာစေတီတော်မြတ်ကြီးတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စိန်ဖူးတော်နှင့် ထီးတော်ကြီးပြန်လည်ပြုပြင်ပူဇော်ရန်အတွက် နေပြည်တော်ပျဉ်းမနားနေ ဦးမောင်ရီ မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)၊ ဇနီးဒေါ်မြမြစန်းမိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစံလှ၊ အတွင်းရေးမှူးဦးကိုလေးနှင့် ဂေါပကအဖွဲ့ဝင် ဦးစိုးကြည်တို့ လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၅-၆-၂၀၀၈ ရက်
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၅ ၄။ အကပဒေသာ
၈း၀၀ ၅။ ငါ့သရောက်ရေလှောင်တမံ
၈း၁၅ ၆။ ကြေးမုံရိပ်သွင်တေးနယ်
၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအကများ
၈း၃၀ ၈။ International News
၉း၀၀ ၉။ အစီအစဉ်ပြီး၏

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၅ ၃။ တေးဂီတအစီအစဉ်
၄း၅၀ ၄။ ချစ်စရာအရွယ်ကကြီးသွယ်
၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၆။ တေးဂီတအစီအစဉ်
၅း၂၅ ၇။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့
၅း၄၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ တေးဂီတအစီအစဉ်
၇း၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဒီချစ်သူ** (အပိုင်း-၁)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ မြန်မာရုပ်ရှင် **စည့်သည်** (အပိုင်း-၁) သုမောင်၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-မောင်နန္ဒ)
၁၇။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း မိုးလေဝသသတင်း

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်

သန်းဇော် ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၄



ဇွန် ၄ရက်တွင် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ရန်ကုန်မြို့လယ်တွင် မိုးရေချိန် ၄၁သမ၉၆လက်မနှင့် ကျိုက္ခမီမြို့တွင် ၄၁သမ၂၅လက်မ အထိ ရွာသွန်းခဲ့သည်။

ကျန်မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ -

သထုံမြို့နှင့်ထားဝယ်မြို့တို့တွင်	- ၂၁သမ၆၄ လက်မစီ
ပြင်ဦးလွင်မြို့တွင်	- ၂၁သမ၃၃ လက်မ
ဘားအံမြို့တွင်	- ၁၁သမ၈၉ လက်မ
ကျိုင်းတုံမြို့တွင်	- ၁၁သမ၄၉ လက်မ
စစ်တွေမြို့တွင်	- ၁၁သမ၃၈ လက်မ
မြင်းခြံမြို့တွင်	- ၁၁သမ၁၈ လက်မနှင့်
အောင်လံမြို့တွင်	- ၀၁သမ၇၈ လက်မ

ရွာသွန်းခဲ့သည်။

မကွေးတိုင်းတွင် ယခင်နေ့များက တိမ်ထူထပ်ခဲ့သော်လည်း ဇွန် ၄ ရက်တွင် နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။

ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနသာရီတိုင်းတို့တွင် နေရာစိပ်စိပ် ရွာသွန်းပြီး ကပွလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့် တိုက်ခတ်နေသည်။

ဇွန် ၅ ရက် ညနေအထိ ခန့်မှန်းချက်အရ မြန်မာ့ပင်လယ် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ရွာသွန်းပြီး ရံဖန်ရံခါ လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျရောက်စဉ် ရေပြင်၊ မြေပြင်လေတိုက်ခတ်မှုနှုန်းသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇွန် ၅ ရက် ညနေအထိ ခန့်မှန်းချက်အရ နေပြည်တော်နှင့် မန္တလေးအနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်မှာ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းများတွင် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပြီး နောက်နှစ်ရက်အတွက် မုတ်သုံလေအား အသင့်အတင့်သာ တိုက်ခတ်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့အလင်း နိုင်ငံတကာသဘာဝဘေးအန္တရာယ်ဖောင်ပိတ်သတင်း

အမေရိကန်ကင်ဆက်စ်ပြည်နယ်၌ မုန်တိုင်းတိုက်ခတ် နေအိမ်များ ပျက်စီးပြီး ရေလွှမ်းမှုဖြစ်ပွား

ကင်ဆက်စ် ဇွန် ၄

အမေရိကန်နိုင်ငံ ကင်ဆက်စ်ပြည်နယ်တွင် ဇွန် ၄ရက်က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဓာတ်အားတိုင်များ ပြိုလဲကာ နေအိမ်များပျက်စီးပြီး သစ်ပင်များ အမြစ်မှကျွတ်ထွက်လဲကျခဲ့ကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ရေလွှမ်းမှုများဖြစ်ပွား

အဆိုပါ မုန်တိုင်းသည် မစ်ဆူရီပြည်နယ် အနောက်ပိုင်းဒေသများသို့ ဖြတ်သန်းတိုက်ခတ်ရာ လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၇၀မှ မိုင် ၉၀နှုန်းအထိ တိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာခဲ့ရာ အချို့ဒေသများ၌ ရေလွှမ်းမှုများ ဖြစ်ပွားခဲ့ကြောင်း(**အပေါ်ပုံ**) အမေရိကန်အမျိုးသားမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

လူအများအပြားဒဏ်ရာရ

ထို့အတူ အင်ဒီရားနားပြည်နယ် အလယ်ပိုင်းဒေသများ၌လည်း ဇွန် ၄ရက်က လေဆင်နှာမောင်းများ တိုက်ခတ်မှု ဖြစ်ပွားရာ လူအများအပြားဒဏ်ရာရရှိပြီး နေအိမ်အချို့ပျက်စီးကာ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါသတင်း၌ ဆက်လက် ဖော်ပြသည်။

အယ်လ်ဆာဗေဒိုသို့ မုန်တိုင်းတိုက်ခတ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

မက္ကဆီကိုစီးတီး ဇွန် ၄



အယ်လ်ဆာဗေဒိုနိုင်ငံသို့ လာမည့် တစ်ရက်နှစ်ရက်အတွင်း မုန်တိုင်း(**ယာပုံ**)ဝင်ရောက် တိုက်ခတ်နိုင်ကြောင်း၊ ပြည်သူများ အထူး သတိထားရန်လိုအပ်ကြောင်း အယ်လ်ဆာဗေဒိုနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနမှ ဇွန်၄ရက်၌ သတိပေးချက်ထုတ်ပြန်ထားသည်။

အဆိုပါမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ ရေလွှမ်းမှုနှင့် မြေပြိုမှုများလည်း ဖြစ်နိုင်ကြောင်း၊ မုန်တိုင်းသတိပေးမှုကို အဝါရောင်အဆင့် သတ်မှတ်ကာ သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်၌ မိုးကြိုးပစ်ခံရ၊ လေးဦးသေဆုံး

ဒါကာ ဇွန် ၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ချီတာဂွန်ခရိုင်ရှိ ကျေးရွာတစ်ရွာ၌ ဇွန် ၄ရက် နံနက်ပိုင်းက မိုးကြိုးပစ်ချမှုကြောင့် ရွာသားလေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။

မိုးကြိုးပစ်ခံရပြီး သေဆုံးဒဏ်ရာရရှိခဲ့သူများမှာ မာတင်နာဂိုရာကျေးရွာသားများဖြစ်ပြီး လယ်ကွင်းပြင်၌ လုပ်ငန်းခွင် လုပ်ကိုင်နေစဉ် မိုးကြိုးပစ်ချခံခဲ့ရကြောင်း၊ မိုးကြိုးပစ်ချမှုဖြစ်ပွားပြီးနောက် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ ရေလွှမ်းမိုးမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆော်လမွန်ကျွန်းကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ဝယ်လင်တန် ဇွန် ၄

ဆော်လမွန်ကျွန်းနိုင်ငံ တောင်ဘက်ကမ်းလွန်၌ ဒေသစံတော်ချိန် ဇွန် ၄ရက် နံနက် ၃နာရီ မိနစ်၂၀က ရစ်ချ်တာစကေး ၆၁သမ၂ ရှိသော အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်အမျိုးသား ငလျင်ဗျူရိုက သတင်းထုတ်ပြန်သည်။

အဆိုပါ မြေငလျင်ကြောင့် ဆော်လမွန်ကျွန်း နိုင်ငံတောင်ဘက် ကမ်းရိုးတန်းဒေသများ၌ အဆောက်အအုံများ ယိမ်းထိုး လှုပ်ခါသွားသော်လည်း ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်

ဂျကာတာ ဇွန် ၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းကမ်းလွန်တွင် ဇွန်၄ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်က ရစ်ချ်တာစကေး ၆ ရှိသည့် အင်အားပြင်း ငလျင်လှုပ်ခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါငလျင်မှာ နူဆာတန်ဂါရာပြည်နယ် အနောက်မြောက် ဘက် ကမ်းလွန်ရှိ ကီလိုမီတာ ၄၀ခန့်အကွာ ပင်လယ်ကြမ်းပြင်ကို ဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ပြီး ရူတန်မြို့တွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါ သွားခဲ့သည်။

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

မြန်မာ့ဒီမိုကရေစီ ရွှေတံခါးကြီးကို ပြည်သူတို့က ဖွင့်လှစ်ပေးလိုက်ပြီ(၁)

မြန်မာနိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိသည်မှာ နှစ်ပေါင်း၆၀နှင့် လေးလ ကျော်ကျော်မျှရှိပေပြီ။ လွတ်လပ်သောနိုင်ငံမှ နိုင်ငံသားများသည် အချုပ်အခြာ အာဏာကို ပိုင်ဆိုင်ကြလေသည်။ အချုပ်အခြာအာဏာ၏ ခက်မ သုံးဖြာကား (၁) ဥပဒေပြုရေးအာဏာ၊ (၂) အုပ်ချုပ်ရေးအာဏာနှင့် (၃) တရားစီရင်ရေး အာဏာတို့ ဖြစ်လေသည်။ အများပြည်သူတို့ လုံခြုံအေးချမ်း သာယာစွာ နေထိုင်နိုင်ပြီး မိမိရေမြေသယံဇာတများဖြင့် ဖွံ့ဖြိုးတိုးတက် ချမ်းသာကြွယ်ဝ ကာ လူနေမှုအဆင့်အတန်းမြင့်စေမည့် ဥပဒေများကို ပြည်သူတို့ လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့် ရှိသည်။

မြန်မာ့လူ့ဘောင် လုံခြုံ၊ ငြိမ်းချမ်း၊ ဖွံ့ဖြိုးသာယာဝပြောစေရန် ပြဋ္ဌာန်း ထားသည့် ဥပဒေများနှင့်အညီ အုပ်ချုပ်စီမံခွင့် (ဝါ) အကောင်းဆုံးအစိုးရများ ရွေးချယ်တင်မြှောက်ခွင့်ရှိကြသည်။ ယင်းသို့ အကောင်းဆုံးပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ယင်းဥပဒေများနှင့်အညီ စီမံ(အုပ်ချုပ်)ခြင်းတို့ကို ဆန့်ကျင်၊ နှောင့်ယှက်၊ ဖျက်ဆီးသမျှသည် ပြည်သူတစ်ရပ်လုံးကို ဆန့်ကျင်၊ နှောင့်ယှက်၊ ဖျက်ဆီးရာ ရောက်ပေသည်။ ယင်းသို့ ပြဋ္ဌာန်းထားသော ဥပဒေများကို ချိုးဖောက်သူများအား နောင်ကြဉ်အောင် ဟန့်တားနိုင်လောက်သော ပြစ်ဒဏ် များ ချမှတ်စီရင်ခွင့်(တရားစီရင်ခွင့်)လည်း ရှိပေသည်။ ဤအာဏာသုံးရပ်မှာ ပြည်သူတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာ(ဝါ)လွတ်လပ်ရေး(လွတ်လပ် ခြင်း)ပင် ဖြစ်ပေသတည်း။

နိုင်ငံတစ်ခုကို တိုင်းခြားသားနယ်ချဲ့များက ၎င်းတို့ ပိုမိုချမ်းသာအောင် ကျူးကျော် တိုက်ခိုက်ကာ နိုင်ငံပိုင် ဓနဥစ္စာသယံဇာတများကို ခြယ်လှယ် သွေးစုပ်ကြပြီဆိုလျှင် ယင်းနိုင်ငံသားများသည် ကျွန်ဘဝသို့ ကျရောက်သွား မည်သာ ဖြစ်သည်။ ကိုယ့်မြေ၊ ကိုယ့်ယာကို ကိုယ်မပိုင်သည်နှင့်အတူ အချုပ် အခြာအာဏာကိုလည်း မပိုင်နိုင်တော့ပေ။ ပြည်သူတို့ပိုင်ဆိုင်သော အချုပ် အခြာအာဏာ(လွတ်လပ်ခွင့်)ကို နယ်ချဲ့သမားတို့က လက်နက်အားကိုးဖြင့် လုယူ ဓားပြတိုက်သွားပြီဖြစ်သည်။ ထို့ကြောင့်လည်း နယ်ချဲ့၏ ကျူးကျော် ကျွန်ပြုခံရသော နိုင်ငံတိုင်းမှ နိုင်ငံသားပြည်သူများက လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲကာ မိမိတို့နိုင်ငံကို ပြန်လည်လွတ်လပ်အောင် သက်စွန့်ကြိုးပမ်းတိုက်ပွဲ ဝင်ကြသည်။ ထိုနိုင်ငံများသည် မည်သည့် ကိုလိုနီနယ်ချဲ့စနစ်မျိုးကိုမဆို ဆန့်ကျင်ကြသည်။ မြန်မာနိုင်ငံသည် ထိုနိုင်ငံအမျိုးအစားတွင် ပါဝင်လေသည်။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သော မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ် အခြေခံဥပဒေဟုတွင်သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လွတ်လပ်ရေးအမီ ရေးကြီးသုတ်ပြာ ရေးဆွဲခဲ့ရာ ခွဲထွက်ခွင့်ပုဒ်မများ ပါရှိ သွားသဖြင့် ပြည်ထောင်စုကြီး အစိတ်စိတ်ကွဲမည့် အန္တရာယ်ကို ၁၉၆၂ခုနှစ် မတ်လဆန်းတွင် ကြုံတွေ့လာရသည်။ ထို့ကြောင့် ယင်းအခြေခံဥပဒေတစ်ခန်း ရပ်သွားခဲ့သည်။ ယင်းအခြေခံဥပဒေသည် ၁၄နှစ်မျှသာ တည်တံ့ခဲ့သည်။

၁၉၆၂ခုနှစ်မှ ၁၉၇၄ခုနှစ်အထိ ၁၂နှစ်ကြာ အခြေခံဥပဒေမရှိဘဲဖြစ်နေ ခဲ့ရပြီး ၁၉၇၄ခုနှစ်တွင်မှ ဆိုရှယ်လစ်ဝါဒ အခြေခံသော ဖွဲ့စည်းပုံဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ ထိုဒုတိယမြောက် မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ သည် ၁၉၈၈ခုနှစ် ဆူပူအကြမ်းဖက်မှုကြောင့် တစ်ခန်းရပ်သွားပြန်ရာ သက်တမ်း အားဖြင့် ၁၄နှစ်သာ ရှိသည်။

၁၉၈၈ခုနှစ်မှစ၍ အခြေခံဥပဒေမရှိဘဲဖြစ်နေရာမှ ယခင်အခြေခံဥပဒေ နှစ်ခု၏ ပျော့ကွက်၊ ဟာကွက်၊ ချို့ယွင်းချက် သိမှတ်ဖွယ် အမှားများကို သင်ခန်းစာထုတ် ဆင်ခြင်ကာ၊ တိုင်းရင်းသားလူမျိုး တစ်ရာကျော်တို့၏ ပြည်ထောင်စုကြီးအတွက် ရေရှည်တည်မြဲမည့် အကောင်းဆုံး အခြေခံဥပဒေ တစ်ရပ်ကိုရေးဆွဲရန် ၁၉၉၂ခုနှစ်တွင် နိုင်ငံတော်က ပါတီစုံကိုယ်စားလှယ် များနှင့်ညှိနှိုင်းခဲ့သည်။ NLD အပါအဝင် ပါတီစုံ၏သဘောတူညီမှုဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံတစ်ရပ်ကျင်းပကာ မူများချမှတ်ခဲ့သည်။

အမျိုးသားညီလာခံသို့ ၁၉၉၃ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ NLD ကိုယ်စား လှယ်တစ်ရာခန့် ပါဝင်တက်ရောက်ကာ အရေးပါ၊ အရေးကြီးသည့် အခြေခံ မူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် အမျိုးသားညီလာခံ ယာယီအားဖြင့်ရပ်ဆိုင်းသွားခဲ့ပြီး ၂၀၀၄ခုနှစ်တွင် ပြန်လည် ကျင်းပနိုင်ခဲ့သည်။ အမျိုးသားညီလာခံသည် ၂၀၀၇ခုနှစ် စက်တင်ဘာလ ၃ရက် နေ့တွင် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့် မူများအားလုံးကို အတည်ပြု ချမှတ်နိုင်ခဲ့ပြီး အောင်မြင်စွာပြီးစီးခဲ့သည်။ ယင်းအခြေခံမူနှင့် အသေးစိတ် အခြေခံရမည့်မူများကို အခြေခံပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့မှ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၁၉ရက်နေ့အထိ အဖွဲ့ဝင် ၅၄ဦး ပါသော ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မရှင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ(မူကြမ်း)ကို ရေးဆွဲခဲ့ကြသည်။

အခြေခံဥပဒေရေးဆွဲပြီးပါက ပါလီမန်လွှတ်တော်များက အတည်ပြု လေ့ရှိသည်။ အာဏာပိုင်(များ)ကလည်း အတည်ပြုသည့် အစဉ်အလာများ ရှိသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပြီး ပြည်သူတို့၏ ထောက်ခံမဲဖြင့် အတည်ပြု သော အခြေခံဥပဒေအချို့လည်း ရှိပါ၏။ သို့သော် နည်းပါးလှသည်။ မြန်မာ နိုင်ငံတွင်ပင် ၁၉၇၃ခုနှစ်က တစ်ကြိမ်၊ ယခု ၂၀၀၈ခုနှစ်တွင်တစ်ကြိမ် ပြည်သူတို့ ကိုယ်တိုင်မဲဆန္ဒပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ နှစ်ကြိမ်ကျင်းပခဲ့သည်။

ပြည်သူတို့ ပိုင်ဆိုင်သော အချုပ်အခြာအာဏာရပ်များကို မည်သို့မည်ပုံ၊ မည်သည့်နည်းလမ်း၊ မည်သည့်စည်းကမ်းဖြင့် ပြည်သူတို့ကိုယ်စား မည်သူ မည်ဝါတို့က ကျင့်သုံးဆောင်ရွက်ရမည်။ ပြည်သူ(နိုင်ငံသား)တို့၏ မူလ အခွင့် အရေးနှင့် တာဝန်များက မည်သို့ဖြစ်သည်ကို အခြေခံဥပဒေတွင် ရေးဆွဲပြဋ္ဌာန်း ရသည်။ ပြည်သူ့ကိုယ်စားလှယ် (လွှတ်တော်ကိုယ်စားလှယ်-အမတ်) များက ပြည်သူတို့ကိုယ်စား အချုပ်အခြာအာဏာကို ကျင့်သုံး ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အတွင်းမှ ဆောင်ရွက်ကြရသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာပိုင်များကို ပြည်သူတို့က အခြေခံဥပဒေဖြင့် လုပ်ပိုင်ခွင့် ပေးအပ်ရမဲ့ဖြစ်သည်။ ထို့ကြောင့် အခြေခံ ဥပဒေကို ပြည်သူနှင့်အစိုးရ (ပြည်သူ့ကိုယ်စားလှယ်အာဏာပိုင်)တို့ အကြား ချုပ်ဆိုသော (အချုပ်အခြာအာဏာကျင့်သုံးမှု လုပ်ပိုင်ခွင့်အပ်နှင်းသော) စာချုပ် ကြီးဟု ဆိုခြင်းဖြစ်သည်။

တက္ကသိုလ်မြတ်သူ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)ကို ဒီမိုကရေစီနည်း အကျဆုံးဖြစ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူ အတည်ပြုရန်အတွက် အဖွဲ့ဝင် ၄၅ဦးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ပြည်နယ်/တိုင်း ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင် အဖွဲ့ခွဲများကို ပြည်ထောင်စုတစ်ဝန်း၌ ဖွဲ့စည်းခဲ့သည်။ တစ်ပြည်လုံးရှိ ကော်မရှင် အဖွဲ့ခွဲ အဆင့်ဆင့်တွင် အဖွဲ့ဝင် ထောင်နှင့်ချီ၍ ပါဝင်ခဲ့သည်။ ကော်မရှင်အဖွဲ့ တိုင်းတွင် ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အများပြည်သူ ကြည်ညိုလေးစား သူများ ပါဝင်သည်။

တစ်ပြည်လုံးတွင် မဲရုံမှူးများ၊မဲရုံအဖွဲ့ဝင်များ သောင်းသိန်းချီပြီး တာဝန် ယူကြသည်။ မူလက ပြည်ထောင်စုတစ်ဝန်းလုံး ၃၂၅ မြို့နယ်တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန် မေလ ၁၀ ရက်နေ့ကို သတ်မှတ်ကာ ကြိုတင်ပြင်ဆင် မှုများ အထပ်ထပ် စိစစ်ဆောင်ရွက်ထားကြသည်။ မေလ ၂ ရက်နှင့် ၃ ရက်နေ့ များတွင် နာဂစ်မုန်တိုင်းက ကြိုတင်ခန့်မှန်းမထားနိုင်သော အရှိန်အဟုန် (ပြင်းအား)ဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ကို ဖြတ်သန်းတိုက်ခတ်ခဲ့သည်။ ယင်းဒေသများကို သဘာဝ ဘေးအန္တရာယ်ကျရောက်ရာဒေသအဖြစ် ကြေညာခဲ့ရသည်။

မုန်တိုင်းလွန်ပြီးနောက် လေ့လာ စစ်ဆေးကြည့်ရာတွင် ဧရာဝတီတိုင်းမှ မြို့နယ်ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ်၄၀တို့၌သာ ပျက်စီးဆုံးရှုံးမှုထိခိုက် သေဆုံးမှု အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ကျန်ပဲခူးတိုင်း၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်ရာဒေသအဖြစ်မှ ပယ်ဖျက် ရုပ်သိမ်းခဲ့သည်။

မေလ ၆ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်က မုန်တိုင်းဒဏ်ပြင်းပြင်းထန်ထန်ခံရသော ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်နှင့် ရန်ကုန် တိုင်းမှ မြို့နယ်၄၀တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် ရက်ကို မေလ ၂၄ ရက်နေ့သို့ ရွှေ့ဆိုင်းကြောင်း ကြေညာချက်အမှတ်(၈/၂၀၀၈)ဖြင့် ထုတ်ပြန် ကြေညာခဲ့သည်။ မေလ၁၀ရက်နေ့တွင် ပြည်နယ်၊ တိုင်းဒေသစုံမှ ၂၇၈မြို့နယ် (ရန်ကုန်တိုင်းမှ ငါးမြို့နယ်၊ ဧရာဝတီတိုင်းမှ ၁၉ မြို့နယ်အပါအဝင်) တို့တွင် အခြေခံဥပဒေအတည်ပြုရေး ဆန္ဒခံယူပွဲများ ကျင်းပခဲ့သည်။ ဧရာဝတီတိုင်းမှ ကျန်ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ် ၄၀ စုစုပေါင်း ၄၇ မြို့နယ်တွင် မေလ ၂၄ ရက်နေ့ကျမှ ဆန္ဒခံယူပွဲကျင်းပခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် ပြည်သူတစ်ရပ်လုံးပိုင်ဆိုင်သည့် အချုပ် အခြာအာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါတို့က ပြည်သူ့ကိုယ်စား ကျင့်သုံး ဆောင်ရွက်ရမည်ကို စည်းကမ်းချပေးသောပွဲဟု ဆိုရမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲများ၌ ပြည်သူတို့က မဲဆန္ဒပေးရွေးချယ်သော ကိုယ်စားလှယ် (အမတ်)များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း လိုက်နာ ဆောင်ရွက်ကြရသည်။ ထင်ရာလုပ်ခွင့်မရှိပေ။ ထို့ကြောင့် ပြည်သူ့ဘက်က ချမှတ်ပေးသော စည်းကမ်းချက်များ ခိုင်ခိုင်မာမာရှိထားရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရှေးဦးစွာ အတည်ပြုထားရပေသည်။ အချို့ နိုင်ငံကြီးငယ် များစွာတွင်ပင် အခြေခံဥပဒေကို ပြည်သူက ဆုံးဖြတ်ခြင်း ပြုလေ့မရှိပေ။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဟူသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့ ကိုယ်တိုင် ဆန္ဒပေးအတည်ပြုကြခြင်းဖြစ်ရာ ဒီမိုကရေစီနည်းအကျဆုံး ဖြစ်ပေ သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အခြေခံဥပဒေကို အတည်ပြုသော နိုင်ငံအနည်းငယ်မျှသာရှိရာ ထိုအနည်းငယ်တွင် မြန်မာနိုင်ငံ ပါဝင်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၀၈ခုနှစ် မေလအတွင်းကျင်းပခဲ့သည့် ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲ၌ အသက်၁၈ နှစ် ပြည့်ပြီးသော မြန်မာနိုင်ငံသားတိုင်း (သာသနာ့ဝန်ထမ်း၊ ပြစ်ဒဏ်ကျခံဆဲနှင့် စိတ်ပေါ့သွပ်သူများမှအပ) ဆန္ဒမဲ ပေးခွင့်ရစေရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က အလေး ထား၍ ဆောင်ရွက်ခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆန္ဒခံယူပွဲတစ်ရပ်လုံးကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပရန်၊ လွတ်လပ်၍ တရားမျှတသော ဆန္ဒခံယူပွဲဖြစ်စေရန် ကော်မရှင်အဆင့်ဆင့်အား ဗဟိုကော်မရှင်က ကြီးကြပ်လမ်းညွှန်ခဲ့သည်။

မေလ၁၀ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်သူများကိုပါ မဲဆန္ဒရှင် စာရင်းတွင် ပါဝင်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ ဆန္ဒခံယူပွဲအကြောင်းကို ရုပ်မြင်သံကြားဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ၊ လှုံ့ဆော်တေးများ၊ စာနယ် ဇင်း ဆောင်းပါးများဖြင့် ကြိုတင်အသိပေးခဲ့သည်။ အခြေခံဥပဒေ(မူကြမ်း)ကို အများပြည်သူဖတ်ရှုလေ့လာနိုင်ရန် ဧပြီလ ၉ရက်နေ့တွင် ထုတ်ဝေဖြန့်ချိပေးခဲ့ သည်။ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေနှင့်လုပ်ငန်း လမ်းညွှန်ချက်စာအုပ်များ ဖတ်ရှုနိုင်ရန် စီစဉ်ပေးပြီး သင်တန်းများပေးခဲ့သည်။ သင်တန်းများ၊ အစည်းအဝေးများ၊ လုပ်ငန်းညှိနှိုင်းပွဲများ၌ ဆန္ဒခံယူပွဲကို ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြစ်စေအောင်၊ (၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရအောင်၊ လွတ်လပ်၍ တရားမျှတသော ဆန္ဒခံယူပွဲဖြစ်အောင် ဆောင်ရွက်သွားရန် ကော်မရှင်အဖွဲ့ဝင်များက အလေးအနက်ထားကာ အကြိမ် ကြိမ် အထပ်ထပ် မှာကြားခဲ့သည်။

မဲရုံများကို ရပ်ကွက်၊ ကျေးရွာများမှ မဲဆန္ဒရှင်များ အလွယ်တကူ လာရောက်မဲပေးနိုင်မည့်နေရာတွင် ထားရှိရန်၊ မဲရုံအတွင်း၌မဲပုံးများကို အများ ပြည်သူ (မဲရုံပြင်ပမှပင်) မြင်နိုင်သော နေရာ၌ ထားရန်၊ ဆန္ဒပြုခန်းများကို လုံခြုံစွာကာရံပေးပြီး ပြည်သူတို့လွတ်လပ်စွာ မိမိတို့ဆန္ဒအတိုင်း ထောက်ခံမဲ (✔)ပေးလိုက ပေး၊ ကန့်ကွက်မဲ(✘)ပေးလိုက ပေးနိုင်အောင် စီစဉ်ပေးထားရန် စီမံထားခဲ့သည်။

နံနက် ၆နာရီ မဲရုံဖွင့်သည်နှင့် မဲရုံမှူးက ဆန္ဒမဲပေးရန် မဲရုံသို့ရောက်ရှိ လာသည့် ပြည်သူငါးဦးကိုဖိတ်ကြားကာ မဲရုံအတွင်းမှ မဲပုံးများကိုဖွင့်ပြသည်။ မဲရုံပြင်ပမှကြည့်နေသူတိုင်း မြင်နိုင်အောင် မဲပုံးကို သွန်မှောက်လှုပ်ခါပြသည်။ ဤသို့လုပ်ပြရခြင်းမှာ ကမ္ဘာနှင့်မြန်မာတွင် ယခင်ကကြုံရဖူးသည့် မဲပေးပွဲ ကျင်းပစီမံသူအချို့က မဲပုံးများအတွင်း မိမိတို့အား ထောက်ခံသည့် မဲပြား များ ကြိုတင်ထည့်ထားခြင်းမျိုး ယခုဆန္ဒခံယူပွဲတွင် လုံးဝမရှိကြောင်း ပြသ ခြင်းပင်ဖြစ်သည်။ (ယခင်ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဆရာချယ်ရေးသားသော "လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးသို့" စာအုပ်တွင် ယခင်က မဲလိမ်၊ မဲညစ်၊ မဲကလိမ်ကျမှု များ၊ ကောက်ကျစ်မှုများကို အထောက်အထားဖြင့် ဖော်ပြထားသည်ကို လေ့လာကြည့်လျှင် ပိုမိုသိရှိနိုင်ပါသည်။) ယခင် ပါလီမန်ဒီမိုကရေစီ ခေတ်က မဲပေးပွဲ ကလိမ်ကျမှုမျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် သင်ခန်းစာယူပြီး ပြည်သူ့ဆန္ဒအမှန်(ထောက်ခံလိုသည်ဖြစ်စေ၊ ကန့်ကွက်လိုသည်ဖြစ်စေ) ဖော်ပြ မဲပေးနိုင်ရန် အထူးဂရုစိုက် စီမံဆောင်ရွက်ပေးထားသည်။

မဲဆန္ဒပေးပွဲမှာ နံနက် ၆နာရီမှ ညနေ ၄နာရီအထိဖြစ်ရာ နာရီအားဖြင့် ၁၀နာရီ (မိနစ်၆၀၀) ဖြစ်လေသည်။ မဲစာရင်းစစ်ဆေးသူ တစ်ဦးနှင့် ဆန္ဒမဲ လက်မှတ် ထုတ်ပေးသူတစ်ဦးတို့ဖြင့် လူ ၁၀၀၀စာ မဲရုံတွင် မဲစာရင်းစစ်ဆေး ခြင်း၊ မဲပြားထုတ်ပေးခြင်းတို့ကို အဆင်ပြေပြေ ဆောင်ရွက်ပေးရန် ခက်ခဲ နိုင်သဖြင့် မဲစာရင်းစစ်သူ၊ မဲလက်မှတ်(မဲပြား)ထုတ်ပေးသူ အဆိုင်းများကို တိုးမြှင့် ချထားပေးခဲ့သည်။ အမျိုးသားရေးစေတနာရှင်အဖွဲ့အစည်း NGO များက မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းမှ မိမိတို့၏ အမှတ်စဉ်ကို အလွယ် တကူ သိရှိစေရန်နှင့် အလွယ်တကူ (အချိန်တိုအတွင်း)ရှာတွေ့နိုင်ရန်အတွက် မဲစာရင်းအမှတ်နှင့် မဲဆန္ဒရှင်အမည်ကိုဖော်ပြထားသည့်ကူညီရေး Slip များကို ကြိုတင်ဝေငှပေးထားကြသည်။ ဤသို့ဖြင့် မဲဆန္ဒရှင်များ မဲရုံသို့ခပ်နီးနီးသွားပြီး မဲလက်မှတ်ကို အချိန်တိုအတွင်း အလွယ်ထုတ်ယူကာ မိမိတို့ စိတ်တိုင်းကျ ဆန္ဒပေးနိုင်ခဲ့ကြသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် ပြည်သူတစ်ရပ်လုံးပိုင်ဆိုင်သည့် အချုပ်အခြာ အာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါတို့က ပြည်သူ့ကိုယ်စား ကျင့်သုံးဆောင်ရွက် ရမည်ကို စည်းကမ်းချပေးသောပွဲဟု ဆိုရမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲများ၌ ပြည်သူတို့က မဲဆန္ဒပေးရွေးချယ်သော ကိုယ်စားလှယ်(အမတ်)များသည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြရသည်။ ထင်ရာလုပ်ခွင့် မရှိပေ။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသစ် တောင်ဥက္ကလာပတွင်ဖွင့်

ရန်ကုန် ဇွန် ၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုအရ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းသစ်ဖွင့်ပွဲကို ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ၁၅ ရပ်ကွက် ရွှေဖီခိုင်ညာလမ်း မြတ်ရတနာ ပရိယတ္တိစာသင်တိုက်၌ ဇွန် ၂ရက် နံနက် ၈ နာရီကကျင်းပရာ ကျောင်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်နှင့်အလှုရှင် ဆာကူရာ ဆောက်လုပ်ရေး ဦးဌေးအောင်၏ဇနီး ဒေါ်ဌေးဌေးညွှန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ပေးအပ်

ဆက်လက်၍ ကျောင်းသစ်ဖွင့်ပွဲအခမ်းအနားကို ကျောင်းဆောင်သစ်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝါယမက အဖွင့်သြဝါဒစကား မြွက်ကြားတော်မူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ချယ်ရီဥယျာဉ်အိမ်ရာမိသားစု ဆောက်လုပ်ရေး မန်နေဂျာ ဦးအောင်မင်းက ကျောင်းသားမိဘများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌမှ လှူဒါန်းသော စာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာတော်က လက်ခံယူသည်။ ဆက်လက်၍ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ဆရာတော်က အတန်းလိုက် စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်သည်။ (က-ပ)

မိုးစပါးနှစ်သီးပြန်လည်စိုက်ပျိုးရန် ကွမ်းခြံကုန်း၌ ထွန်ယက်နေမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၄

ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုကြီခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မေ၂၉ ရက်နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့ ကမာပါကျေးရွာသို့ သွားရောက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာရှိလယ်သမားများ ပူးပေါင်း၍ မိုးစပါးနှစ်သီး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပံ့ပိုးပေးသော လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အေးရှား ဝေါလ်ကုမ္ပဏီ၏ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဇာတိမာန်ခန်းမ၌ ခရိုင်၊ မြို့နယ်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မျိုးစပါးရရှိရေး၊ စပါး တစ်မိုး နှစ်သီးစိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး၍ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ လယ်မြေအချို့တွင် မုန်တိုင်းဒဏ်ကြောင့် ရေငန်ဝင်ရောက်မှု ရှိသော်လည်း ပုံမှန်နှစ်များအတိုင်း စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဆုံးရှုံးသွားသော ကျွဲ၊ နွားများအစား နိုင်ငံတော်မှ စီစဉ်ပံ့ပိုးသော ထွန်စက်များဖြင့် အားဖြည့်၍ အင်တိုက်အားတိုက် ထွန်ယက်လျက်ရှိကြရာ ဧက ၄၀၀၀ကျော် ထွန်ယက်ပြီးစီး၍ စတင်စိုက်ပျိုးလျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓ သာသနာပြုမြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံခန်း(ဗဟန်း ၃လမ်း မှတ်တိုင် အနီး)တွင် တိုက် ၅ အမှတ် ၁၀၁ ပထမထပ် စပယ်လမ်း မင်္ဂလာတောင်ညွှန့်မြို့နယ် နေ မိဘများနှင့် ဇနီး ဒေါ်ခင်အေးအားရည်စူး၍ ဦးကျော်ဝင်းမိသားစုက ငွေကျပ်တစ်သိန်းကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုအခြေအနေ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၄

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ဇွန် ၂ ရက် မွန်းလွဲပိုင်းက နေပြည်တော်ပျဉ်းမနား အခြေခံပညာကျောင်းများ ဖွင့်လှစ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်ပညာရေးမှူး ဦးလှထူးနှင့် ကျောင်းအုပ်ကြီးဦးစိုးလှိုင်တို့က ကျောင်းအပ်နှံမှု၊ ပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ပြည့်စုံလုံလောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများအတွင်း သင်ကြား သင်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး (အပေါ်ပုံ) လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ပျဉ်းမနား အမှတ် (၂)အခြေခံပညာအထက်တန်း ကျောင်းနှင့် မင်္ဂလာရပ် အမှတ်(၃) အခြေခံပညာ မူလတန်းကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီသို့ လေဘေးသင့်ပြည်သူများအတွက် အလှူငွေများလာရောက်လှူဒါန်း

ရန်ကုန် ဇွန် ၄

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသောဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ယမန်နေ့က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) လေဘေးသင့်ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များမှ လှူဒါန်းကြသော အလှူငွေများအား ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံရယူသည်။

လှူဒါန်း

လှူဒါန်းကြသော အလှူရှင်များမှာ ဦးလှအောင်ရွှေနှင့်ဒေါ်အေးအေးသိန်း၊ သား ကိုထွဋ်မြတ်အောင်ရွှေ၊ အာကာထက်အောင်ရွှေ၊ စမ်းချောင်း မြို့နယ်က ကိုထွဋ်မြတ်အောင်ရွှေ၏(၁၈)နှစ်မြောက် မွေးနေ့အတွက် ငွေကျပ်သုံးသိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ First Secretary Mr. Kuang-Jin CHOL,က ငွေကျပ် ၃၆၅၀၀၀၊ဦးကိုကိုဦးနှင့်ဒေါ်သန်းအေး (ချမ်းမြေကြွယ်)၊ ရန်ကုန်-ကျိုကွမီ ခရီးသည်ပို့ဆောင်ရေး ဘုရင့်နောင်က ငွေကျပ် သိန်း ၂၀၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းဟောင်းများ အသင်းက ငွေကျပ် တစ်သိန်း၊ မြောက်ဥက္ကလာပမြို့နယ်မှ ဦးလှမြင့်မိသားစုက ငွေကျပ် တစ်သိန်း၊ ဓနုဖြူမြို့မှ (ဦးချစ်တင်) နှင့် ဒေါ်ယဉ်လှမိသားစုက ငွေကျပ် တစ်သိန်း၊ Hide San(Touyou Shokudou)က ငွေကျပ် ၅၂၀၀၀၀၊ ဒိုက်ဦးမြို့နယ်မှ ဦးစိုးဝင်း၊ ဦးစိုးလင်းအောင်က ငွေကျပ်တစ်သိန်း၊ မြောက်ဒဂုံမှ မောင်သက်ဦးဆွေ၊ မရွှေရည်မွန် (မောင်နှမ နှစ်ယောက်)က ငွေကျပ်သုံးသောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္တူ မွေအဖွဲ့ချုပ်က ဒုတိယအကြိမ်လှူဒါန်းငွေကျပ် သိန်း ၅၀၊ မှော်ဘီမြို့မှ ဦးအောင်ဒင်နှင့် ဒေါ်လှသန်း မိသားစုက ငွေကျပ်ငါးသောင်း၊ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီကြီး ကြီးကြပ်ရေးကော်မတီနှင့် ဗလီအဖွဲ့ဝင်များ ကငွေကျပ်သိန်း ၅၀၊တောင်ဥက္ကလာပမှ ဒေါ်မမကြည်မိသားစုက ငွေကျပ် ၁၅၀၀၀၊ Anwarul Haque & M. Yusuf Co.L.L.C, Kingdom of Saudi Arabia က ငွေကျပ်သိန်း၁၀၀၊ Bangkok Bank Public Co.,Ltd. Special Affairs Sec;က အမေရိကန် ဒေါ်လာ ၃၀၇၅၃ ဒသမ ၃၇၊ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသံရုံးမှတစ်ဆင့် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ အစိုးရက လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ၁၀ သိန်း(အပေါ်ဝဲပုံ)တို့ဖြစ်ပြီး ယနေ့တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၃၆၈၀၁၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၃၀၇၅၃ ဒသမ ၃၇ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေါ်ပုံမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား

ရန်ကုန် ဇွန် ၄

၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဒေါ်ပုံမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၃၁ ရက် နံနက် ၉နာရီက အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ အလှူရှင်များလှူဒါန်းသော ငွေကျပ် ၈၅၀၀၀၀၊ ဗလာစာအုပ်၉၆ဒါဇင်၊ပုံနှိပ်စာအုပ် ၆၀၀စုစုပေါင်းတန်ဖိုးငွေကျပ်၁၅၂၂၀၀၀ ကို မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က မြို့နယ်ပညာရေးမှူး ဒေါ်သီဂီထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

■ ရှေ့ဖုံးမှ

အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ဝန်ကြီးများ၊ အစိုးရ အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၃ရက် နံနက် ၇နာရီ မိနစ်၅၀တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ငပုတောမြို့နယ် အုတ်တွင်းကျေးရွာသို့ သွားရောက်ကြပြီး ရေးဦးစွာ အုတ်တွင်းကျေးရွာ ပတ်ဝန်းကျင်ဒေသများ လေမုန်တိုင်းဒဏ်ခံခဲ့ရမှုနှင့် ဒေသအလိုက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းနှင့် တာဝန်ရှိသူများ၊ အုတ်တွင်းကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့် ရွှေသံလွင်ကုမ္ပဏီ၊ အရုဏ်ဦးကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့်အတူ အုတ်တွင်းကျေးရွာ၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိနေကြသည့် အုတ်တွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ဘုန်းတော်ပြည့်ကျေးရွာ၊ သဲချောင်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအား လိုက်လံနှုတ်ဆက်အားပေးပြီး လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများ ပြန်လည်တည်ဆောက်ရေး၊ ဒေသခံပြည်သူများ၏ စားရေး၊ နေရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းပြောကြားကာ တစ်စုတစ်ဝေး နေရသည့်အခိုက် တစ်ဦးနှင့် တစ်ဦး ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး နေထိုင်ကြရန် မှာကြားသည်။

ဟိုင်းကြီးကျွန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြပြီး ဟိုင်းကြီးကျွန်းမြို့ လေမုန်တိုင်းဒဏ်ခံခဲ့ရမှုနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဟိုင်းကြီးကျွန်းမြို့ နယ်မြေခံတပ်နယ် ရှင်းလင်းဆောင်၌ တပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းက ငပုတောမြို့နယ်အတွင်းနှင့် ဟိုင်းကြီးကျွန်းမြို့၌ လေမုန်တိုင်း တိုက်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပြီးစီးမှုများ၊ ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရည်မှန်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည့်အခြေအနေတွင် မူလအနေအထားထက် ပိုမိုတိုးတက်မြင့်မားသွားအောင် တည်ဆောက်ပေးမည်ဆိုသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ငပုတောမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များက လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရေလုပ်သားများအတွက် စီစဉ်ဆောင်ရွက်ပေးမည့် ရေလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကယ်ဆယ်ရေးစခန်းများတွင် သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်အောင် စီစဉ်ပေးထားသလို နောင်အဖို့တွင်လည်း ယင်းအလေ့အထ စွဲမြဲသွားအောင် လေ့ကျင့်ပေးရမှာဖြစ်ကြောင်း။

စက်မှုလယ်ယာ

စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်တည်ဆောက်ပေးရာတွင်လည်း မူလစိုက်ဧကထက် မလျော့စေဘဲ စိုက်ပျိုးနိုင်ရေး စီမံသွားရန်နှင့် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် စီစဉ်ပေးရန်ဖြစ်ပြီး ရေလုပ်ငန်းအတွက်လည်း ဒေသတွင်သုံးစွဲလေ့ရှိသည့် ပိုက်အမျိုးအစားနှင့် လှေများ ကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

နေရေး၊ စားရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုမြင့်မားလာစေရအောင် ဦးတည် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်ကို အခြေခံအဆင့်တွင် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေကြသူများ သိရှိသဘောပေါက်အောင် တာဝန်ရှိသူအဆင့်ဆင့်က ရှင်းပြကြရန် မှာကြားသည်။

နှုတ်ဆက်အားပေး

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ဟိုင်းကြီးကျွန်းမြို့မှ ငပုတောမြို့နယ် ပြင်စလူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရေးဦးစွာ ယာယီရွက်ဖျင်တဲများဖြင့် ဌာနဆိုင်ရာအဆောက်အအုံများ ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုကြပြီး ဌာနဆိုင်ရာဝန်ထမ်းများအား နှုတ်ဆက်အားပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ပြင်စလူမြို့ နယ်မြေဒေသအခြေအနေနှင့်စပ်လျဉ်း၍ မြေပုံဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

အားပေးစကားပြော

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယာယီတဲများဖြင့် လေဘေးသင့်ပြည်သူများအား နေရာစီစဉ်ချထားပေးမှုများကို ကြည့်ရှုပြီး လေဘေးသင့်မိသားစုများအား လိုက်လံတွေ့ဆုံ၍ မိသားစု အခြေအနေ၊ စခန်းအတွင်း ကျန်းမာရေး နေထိုင်စားသောက်မှု အခြေအနေနှင့် မူလ လက်ငုတ် အလုပ်အကိုင်တို့ကို ရင်းရင်းနှီးနှီး မေးမြန်းကာ အားပေးစကားပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ငပုတောမြို့နယ် အုတ်တွင်းကျေးရွာ ကယ်ဆယ်ရေးစခန်းရှိ အုတ်တွင်းကျေးရွာ၊ ဘုန်းတော်ပြည့်ကျေးရွာ၊ သဲချောင်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအား လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများ ပြန်လည်တည်ဆောက်ရေး၊ ဒေသခံပြည်သူများ၏ စားရေး၊ နေရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ဆေးဝါးကုသမှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လမ္ပတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်း၌ ဂျပန်နိုင်ငံမှ Dr. Kanai Kaname ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေး အဖွဲ့က ဒေသခံ ပြည်သူများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လေဘေးသင့် ပြည်သူများအား ထပ်မံတွေ့ဆုံပြီး လေဘေးသင့် ပြည်သူများသည် မိမိတို့၏ မိသားစုဝင်များပင်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရေး လိုအပ်ချက်များ၊ လူနေမှုဘဝမြှင့်တင်ပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်က စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

လပွတ္တာ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများနှင့်အတူ (၃)မိုင်ကယ်ဆယ်ရေးစခန်းကိုကြည့်ရှုပြီး လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေဘေးသင့်ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည့် ဂျပန်နိုင်ငံမှ Dr.Kanai Kaname ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့အား နှုတ်ဆက်အားပေးပြီး ဒေသခံပြည်သူများအား ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုကြသည်။

ကူညီဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေးအတွက် လာရောက် ကူညီဆောင်ရွက်ပေးနေကြသည့် မန္တလေးမြို့ သင်ကြားရေးဆေးရုံ ခုတင်(၃၀၀)မှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများအား နှုတ်ဆက်အားပေးကြသည်။

လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ ဆေးကုသရေးအဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး အထူးဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆရာဝန်များက ကျန်းမာရေးစစ်ဆေး ကုသပေးလျက်ရှိကြသည်။

ရေလုပ်ငန်းသုံးပစ္စည်းများ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များက လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရေလုပ်သားများအတွက် စီစဉ်ဆောင်ရွက်ပေးမည့် ရေလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်စလူမြို့၌ လေဘေးသင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ငပုတောမြို့နယ် အုတ်တွင်းကျေးရွာ ကယ်ဆယ်ရေးစခန်းရှိ အုတ်တွင်းကျေးရွာ၊ ဘုန်းတော်ပြည့်ကျေးရွာ၊ သဲချောင်းကျေးရွာတို့မှ လေဘေးသင့် ပြည်သူများအား နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဘုရင့်နောင်ရိပ်သာ၌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လပွတ္တာမြို့နယ်အတွင်း လေမုန်တိုင်းတိုက်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ လပွတ္တာမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မက်စ်မြန်မာကုမ္ပဏီ၊ ရောရွှေဝါကုမ္ပဏီ၊ ဇေကမ္ဘာကုမ္ပဏီနှင့် ဝါဝါဝင်းကုမ္ပဏီတို့က ပါဝင်ပံ့ပိုးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဆေးပေးခန်းများ၊ သာသနိက အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေများ၊ မိုးစပါးစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မုန်တိုင်းသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးအတွက် ဆောင်ရွက်စီမံသွားမည့် လုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ ပြန်လည်တည်ဆောက်ထားသည့် အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

မြို့နယ်ပြည်သူ့ဆေးရုံ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအမိုးများ ပြန်လည်မိုးပြီးမှု အပါအဝင် ဆေးရုံအဆောင်များ ပြင်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ လာရောက်ကူညီ ဆေးကုသပေးလျက်ရှိသည့် မန္တလေးမြို့ သင်ကြားရေးဆေးရုံခုတင်(၃၀၀)မှ အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုများအား နှုတ်ဆက်အားပေးကြပြီး လူနာများအား ကြည့်ရှု၍ အားပေးစကား ပြောကြားကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့မှ ပုသိမ်မြို့သို့ ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ တပ်မတော်(ရေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၄

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအား နိုင်ငံတော်၊ပြည်သူနှင့်တပ်မတော်တို့မှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ရက်တွင် လေဘေးသင့်ဒေသများဖြစ်သည့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာမြို့နယ်များတွင် အခြေပြုလျက်ရှိသော တပ်မတော်(ရေ)မှ စစ်ရေယာဉ်များသည် မြို့နယ်များအတွင်း အပျက်အစီးများသော ကျေးရွာအုပ်စုများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအား ဒေသခံကျေးရွာလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး နယ်မြေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား တာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီရေတပ်စခန်းဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်၊ စခန်း၊ စစ်ရေယာဉ်စုများမှ အရာရှိ၊ စစ်သည်များသည် ဇွန် ၁ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌လည်းကောင်း၊ ဇွန် ၃ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်သို့ လည်းကောင်း သွားရောက်၍ ပတ်ဝန်းကျင်ရှိ ပြိုလဲသစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များစွန့်ပစ်ခြင်းတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အမှိုက်သယ်ယာဉ်များနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မန္တလေးမြို့ ပေါ်ရှိအခြေခံပညာကျောင်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၄

ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ဇွန်၂ရက်တွင် မန္တလေးတိုင်း တိုင်းပညာရေးမှူး ဦးအောင်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများသို့ သွားရောက်၍ (၂၀၀၈-၂၀၀၉)ပညာသင်နှစ် စတင်ဖွင့်လှစ်သင်ကြားနေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၃) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ လည်းကောင်း၊ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုအခြေအနေအား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နံကြပြီး ကျောင်းတက်ရောက်နိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှု အခြေအနေအား လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအလေးမအားကစားအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်း

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ၏ လမ်းညွှန်ကြီးကြပ်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ပံ့ပိုးမှုတို့ဖြင့် မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်၏ အားကစားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးပြီး အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအတွက် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥပဒေအရ မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းလိုက်သည်။

မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် ဦးဝင်းလွင်(မန်နေဂျင်းဒါရိုက်တာ ကျော်သာကုမ္ပဏီလီမိတက်)၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးသိန်းအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဦးအောင်မြတ် (မန်နေဂျင်းဒါရိုက်တာ၊ Mother Trading Co., Ltd.)၊ ဦးထင်အောင်ကျော် (မန်နေဂျင်းဒါရိုက်တာ၊ Golden Cougar Co.,)နှင့် ဒေါက်တာမောင်မောင်အေး (မန်နေဂျင်းဒါရိုက်တာ၊ မိုးထက်ကမ္ဘာကုမ္ပဏီလီမိတက်)တို့ဖြစ်ကြပြီး အထွေထွေအတွင်းရေးမှူးအဖြစ် ဦးမြင့်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးငွေးဝင်း(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်နှင်းစန္ဒာဦး(ဦးစီးအရာရှိ၊ အားကစားနှင့်ကာယပညာဦးစီးဌာန)တို့ဖြစ်၍ အလုပ်အမှုဆောင်များအဖြစ် ဦးငွေးအောင်(ဒုတိယဌာနမှူး၊ တိရစ္ဆာန်ဆေးကုသရေးနှင့် သားသတ်ဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)၊ ဦးဝင်းသန်း(လက်ထောက်ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)၊ ဦးဟန်မြိုင် (မော်မော်စန်းထိုးမုန့်လုပ်ငန်း)၊ ဦးချစ်မြ(ကြီးကြပ်ရေးမှူး၊ ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ဗိုလ်ကြီးသန်းထွန်း(ကပစ-၁၊ ငြိမ်း)၊ ဦးအောင်သန်း(ဒိုင်းမွန်း ဒါရိုက်တာ၊ ရှိုင်းဟုတ်ကုမ္ပဏီ)၊ ဦးသိန်းခင်(ဦးစီးအရာရှိ၊ အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် ဗိုလ်မှူးကိုကိုထွန်း(အတွင်းရေးမှူး၊ တပ်မတော်အလေးမနှင့် ကာယပညာကော်မတီ)တို့ ဖြစ်ကြသည်။

တာဝန်ယူဆောင်ရွက်

မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်တွင် ဆေးမှူးများအဖြစ် ဒေါက်တာမြလေးစိန်နှင့် ဒေါက်တာဒေါ်ကျင်စန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၄

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၁၃၀၄၉၇ကျပ်တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် ဆေးပစ္စည်းမျိုးစုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေကျပ်၆၆၂၆၉၅၀ နှင့် ငွေကျပ် ၅၃၈၅၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေကျပ် ၃၆၂၃၂၅ကျပ်နှင့် ငွေကျပ် ၂၄၁၇၀၅၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ်၅၁၆၄၀၀၀ တန်ဖိုးရှိ သွပ်နှင့် သွပ်ရိုက်သံများ၊ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၇၆၅၉၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ်၃၁၇၂၁၀၀၀အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၇၈၃၂၆၁၇၂ ကျပ်ဖြစ်ပြီး ဇွန် ၄ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၁၂၆၀၉၇၄၃၀၄ကျပ် ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး တပ်မတော်(လေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၄

လေဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို တပ်မတော်(လေ)က ပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ရက်တွင် အုတ်တွင်း၊ ဟိုင်းကြီးကျွန်း၊ ပြင်စလူ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ရက်ဂရမ်း၊ ကနီကြီး၊ ကနောင်၊ ဖိုးညို(အရှေ့)၊ လဂရက်၊ ကဇောင်းမ၊ ဖိုးပြအစု၊ မြောင်းမြ၊ ကန်ဘဲ့၊ ဆားချက်ဒေသများ၌ ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၄၂၄ဒသမ ၇၉တန်ကို လေဘေးသင့် ဒေသများသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အလွန်သေးငယ်သောပြိုဟ် နက္ခတ္တပညာရှင်များတွေ့ရှိ ကမ္ဘာပြိုဟ်ထက် သုံးဆပို၍ သေးငယ်ဟုဆို

ဝယ်လင်တန် ဇွန် ၄

အလွန်သေးငယ်သော ပြိုဟ်တစ်ခုကို(အပေါ်ပုံ) နယူးဇီလန်နိုင်ငံ ဂျန်တောင်ထိပ် နက္ခတ်တာရာလှေလာရေးစခန်းရှိ နက္ခတ္တဗေဒ သိပ္ပံပညာရှင်များက လှေလာတွေ့ရှိထားသည်ဟု ဆို၏။

အဆိုပါ ပြိုဟ်သည်ကျွန်ုပ်တို့ နေအဖွဲ့အစည်း အပြင်ဘက်တွင် တည်ရှိပြီး ကမ္ဘာမြေထက် သုံးဆမျှသေးငယ်သည်ဟု ဆိုသည်။

ဖြာထွက်

သိပ္ပံပညာရှင်များသည် လူသားများ နေထိုင်နိုင်သော အခြားကမ္ဘာသစ်များကို ရှာဖွေရာမှ ၄င်းပြိုဟ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုဟ်သည် နေရောင်ခြည်များ ဖြာထွက်လျက်ရှိသဖြင့် အရန်နေတစ်စင်းကဲ့သို့လည်း မြင်တွေ့ရသည်ဟု ဆိုသည်။

ယင်းပြိုဟ်အား အလင်းမှိန်သော ကြယ်တစ်စင်း လှည့်ပတ်လျက်ရှိသည်။ နက္ခတ္တဗေဒ ပညာရှင်များသည် အလွန်အားကောင်းသော နောက်ဆုံးပေါ် မှန်ပြောင်းများကို အသုံးပြု၍ ပြိုဟ်သစ်များရှာဖွေလျက်ရှိသည်။

ခန့်မှန်းထား

၄င်းပြိုဟ်ကို နက္ခတ္တဗေဒ သိပ္ပံပညာရှင်များက MOA-2007-BLG-192LB ဟု အမည်ပေးထားသည်။ ကမ္ဘာမြေ၏ အရွယ်အစားထက် ၃၁သမ ၃ဆ သေးငယ်သည်။ ၄င်းပြိုဟ်ကို နယူးဇီလန်နက္ခတ္တဗေဒ သိပ္ပံပညာရှင်များက အလွန်အားကောင်းသော MOA-II အဝေးကြည့်မှန်ပြောင်းကို အသုံးပြုပြီး လှေလာခဲ့ခြင်းဖြစ်သည်။ ၄င်းပြိုဟ်ပေါ်တွင် လေထုသိပ်သည်းမှုများပြီး သမုဒ္ဒရာတစ်စင်းရှိနိုင်ကြောင်းလည်း ခန့်မှန်းထားသည်။ (အင်တာနက်)

အာကာသသိပ္ပံ

အိုဘားမား၏ အိုးမဲသုတ်မှု ဟီလာရီခံရဟု ကလင်တန်စွပ်စွဲ ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် အိုဘားမားကြေညာ

ဝါရှင်တန် ဇွန် ၄

နိုဝင်ဘာလ အမေရိကန်ရွေးကောက်ပွဲအကြိုကာလ၌ ဒီမိုကရက်တစ်ပါတီအနေဖြင့် ရှည်လျားသော ပါတီကိုယ်စားပြု သမ္မတလောင်း ယှဉ်ပြိုင်စည်းရုံးမှုတွင် နောက်ဆုံးပြည်နယ် အကြိုရွေးကောက်ပွဲနှစ်ခု ပြုလုပ်ကြတော့မည်ဖြစ်သည်။

သို့သော် တောင်ဒါကိုတာနှင့် မွန်တာနာပြည်နယ်များရှိ ဒီမိုကရက်များက မဲထည့်ရန် ပြင်ဆင်နေကြသည့်တိုင်အောင် ဟီလာရီတစ်ယောက် ပြိုင်ပွဲမှထွက်ရန် နီးလာပြီဟူသော ခန့်မှန်းပြောဆိုမှုများဖြစ်ပေါ်နေသည်။

ဇွန်၃ရက်က မဲရုံများပိတ်ပြီးမှသာ အမှန်တကယ် အခြေအနေများ စတင်မည်ဖြစ်သည်။

အထင်အရှားပြသ

သို့သော် ဟီလာရီ၏ မဲဆွယ်စည်းရုံးရေးအဖွဲ့ဝင်များက သူတို့၏ ကုန်ကျစရိတ်များကို တင်ပြတောင်းဆိုနေသည်ဆိုသော သတင်းများထွက်နေပြန်သည်။

ပြိုင်ဘက် အိုဘားမားက ဗင်နီဇွဲလားပြည်နယ် စိန့်ပေါ၌ စကားပြောရန် စီစဉ်ထားသည်။ ယင်းနေရာမှာ စက်တင်ဘာလတွင် ရီပတ်ဘလီကင်ပါတီ ညီလာခံကျင်းပမည့် နေရာဖြစ်သည်။ ထို့ကြောင့် အိုဘားမား(**ယာပုံ**)သည် ယခုကတည်းက နောင်အခါ သူလုပ်ရမည့်ကိစ္စကို ခေါင်းထဲထည့်ထားကြောင်း အထင်အရှား ပြသလိုက်ခြင်းဖြစ်သည်။

အခက်အခဲများတွေ့နိုင်

သို့သော် ဒီမိုကရက်တစ်ပါတီတွင်း ပါတီကိုယ်စားပြု သမ္မတလောင်း ပြိုင်ပွဲမှာ အေးအေးချမ်းချမ်းပြီးဆုံးရန် ကြိုးပမ်းမှုများမှာလည်း သမ္မတဟောင်း ဘီလ်ကလင်တန်၏ ဒေါသပေါက်ကွဲမှုကြောင့် အဆင်ပြေဖွယ်မရှိ အတားအဆီး အခက်အခဲများတွေ့နိုင်သည်။

အိုဘားမားသည် ဟီလာရီမျက်နှာအိုးမဲသုတ်ရန် အခြားသူများကို အသုံးချသည့်ပြင်၊ စာနယ်ဇင်းများကလည်း အိုဘားမားကို လိုလားလျက်ရှိပြီး ခေတ်သစ် သမိုင်းတွင် ရွေးကောက်ပွဲသတင်းနှင့် ပတ်သက်၍ အဆိုးရွားဆုံး အကွက်ဆင်ဖော်ပြကြောင်း ဘီလ်ကလင်တန်က စွပ်စွဲလိုက်သည်။

အကြိုရွေးကောက်ပွဲ နောက်ဆုံးနေ့တွင် အိုဘားမားက သူ့ကိုယ်သူ ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြု သမ္မတလောင်းအဖြစ် **ကြေညာလိုက်သည်။**

မွန်တာနာအကြိုရွေးကောက်ပွဲတွင် အိုဘားမားနိုင်ပြီး တောင်ဒါကိုတာအကြိုရွေးကောက်ပွဲတွင် ဟီလာရီက အနိုင်ရသည်ဟု အမေရိကန်မီဒီယာက ဖော်ပြသည်။

ဟီလာရီက သူအရေးနိမ့်ကြောင်းဝန်ခံရန် ငြင်းဆိုလိုက်ပြီး နောက်မှ အပြီးသတ်အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း ၄င်းအားထောက်ခံသူများကို ပြောကြားလိုက်သည်။ **(အင်တာနက်)**

ပြည်ပမှ ရေနံတင်သွင်းမှုလျှော့ချရန် ဗီယက်နမ်၌ ရေနံချက်စက်ရုံသစ် တည်ဆောက်မည်

ဟန္ဒိုင်း ဇွန် ၄

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကင်သိုမြို့တွင် တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် နှစ်သန်းကို သန့်စင်ပေးနိုင်သည့် ရေနံချက်စက်ရုံတစ်ခုကို စတင်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် စွမ်းအင်အရာရှိများက ဇွန်၃ရက်၌ ပြောကြားသည်။

အဆိုပါ ရေနံချက်စက်ရုံကို အမေရိကန်ဒေါ်လာ၅၃၈သန်း အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်သည်။ ယင်းစက်ရုံစီမံကိန်းကို ဗီယက်နမ်ပြည်တွင်း ကုမ္ပဏီတစ်ခုနှင့် ပြည်ပကုမ္ပဏီတစ်ခုတို့က ပူးတွဲတည်ဆောက်သွားမည်ဖြစ်သည်။

ထုတ်လုပ်ဆောင်ရွက်

ထိုရေနံချက်စက်ရုံကို ယခုနှစ်ကုန်၌ အပြီးတည်ဆောက်ပြီး ရေနံ၊ ဓာတ်ဆီ၊ ဒီဇယ်စသည့် လောင်စာဆီများကို ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် ယခင်က ရေနံချက်စက်ရုံနှစ်ခုတည်ဆောက်ပြီးဖြစ်ရာ ကွမ်နိုင်ပြည်နယ် အလယ်ပိုင်းရှိ ဒွန်ကွက် ရေနံသန့်စင်စက်ရုံနှင့် သန်ဟွာပြည်နယ်မြောက်ပိုင်းရှိ နန်ဆွန်ရေနံချက်စက်ရုံတို့ဖြစ်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၀၈ခုနှစ် ပထမလေးလပတ်တွင် ရေနံထုတ်ကုန်ပစ္စည်းများ ၄၁သမ၇သန်းတန် တင်သွင်းခဲ့ရပြီး အမေရိကန်ဒေါ်လာ ၃၁သမ၈ဘီလီယံခန့် သုံးစွဲခဲ့ရသည်။ **အမ်အင်နဲအေ၊ဆင်ဟွာ**

အကြမ်းဖက်မှုတိုက်ဖျက်ရန် ပါကစ္စတန် ဆုံးဖြတ်ထား

အစ္စလမ္မာဘတ် ဇွန် ၄

ပါကစ္စတန်သမ္မတမှုရှာရက်ဖ်က အကြမ်းဖက်မှု တိုက်ဖျက်ရန် သူအခိုင် အမာဆုံးဖြတ်ထားကြောင်း ဇွန်၂ရက်၌ ထပ်မံကြေညာလိုက်သည်။

ထုတ်ဖော်ကြေညာ

အမေရိကန်ကိုယ်စားလှယ်အဖွဲ့ အစ္စလမ္မာဘတ်မြို့ရောက်ရှိစဉ် ပါကစ္စတန်သမ္မတမှုရှာရက်ဖ်က အထက်ပါအတိုင်း ထုတ်ဖော်ကြေညာခြင်းဖြစ်သည်။

မိမိတို့၏ အမျိုးသားအကျိုးစီးပွားနှင့် တန်ဖိုးများနှင့်အညီ ပါကစ္စတန်နိုင်ငံက အကြမ်းဖက်မှုနှင့် အစွန်းရောက်မှုတို့ကို တိုက်ဖျက်ရန် အခိုင်အမာ ဆုံးဖြတ်ထားကြောင်း သမ္မတမှုရှာရက်ဖ်က ရှင်းလင်းပြောကြားသည်။ **အမ်အင်နဲအေ၊ဆင်ဟွာ**

မိုဆူးလ်မြို့၌ အသေခံကားပုံးဖောက်ခွဲ

မိုဆူးလ် ဇွန် ၄

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ ဇွန်၂ရက်က အသေခံပုံးဖောက်ခွဲမှုကြောင့် အနည်းဆုံး ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သား လေးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် မိုင်၂၄၀အကွာ မိုဆူးလ်မြို့လယ်ရှိ ပြည်နယ်ရဲတပ်ဖွဲ့ ဌာနချုပ်ရှိရာသို့ မော်တော်ကား မောင်းနှင်သွားရင်း အသေခံပုံးဖောက်ခွဲခြင်းဖြစ်သည်။ သေဆုံးသူများတွင် ကလေးငယ်နှစ်ဦး ပါဝင်ပြီး အနည်းဆုံးလူ၄၆ဦး ဒဏ်ရာရရှိသည်။

အမ်အင်နဲအေ၊ရိုက်တာ

ပုံးဖောက်ခွဲ

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ ပုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားသည်ကို ဇွန် ၄ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြောက်ကိုရီးယားသို့ ရိက္ခာထောက်ပံ့ရန် တိုက်တွန်း

ဆိုးလ် ဇွန် ၄

မြောက်ကိုရီးယားနိုင်ငံသို့ စားနပ်ရိက္ခာ အထောက်အပံ့များ ပေးပို့ရန် တောင်ကိုရီးယားအစိုးရအား ညဇာရှိ ဘာသာရေးအုပ်စုများက တိုက်တွန်းလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယား အစိုးရထံ နှစ်စဉ်ဆန်တန်ချိန်၄၀၀၀၀၀ခန့် ပေးနေကျဖြစ်သည်။ သို့သော်ယခုနှစ်တွင် တောင်ကိုရီးယားက မပို့ဘဲနေသည်။

မြောက်ကိုရီးယားနိုင်ငံသည် စားနပ်ရိက္ခာအထောက်အပံ့အပေါ် နှစ်ပေါင်းများစွာ မှီခိုခဲ့ရသည်။ ပြီးခဲ့သည့်နှစ်က ရေလွှမ်းမိုးမှုကြောင့် အခြေအနေ ပိုမိုဆိုးလျက်ရှိသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်၌ သွေးလွန်တုပ်ကွေး ဖြစ်ပွား သေဆုံးသူဦးရေ ၁၁၄ဦး အထိရှိလာ

မနီလာ ဇွန် ၄

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ မေလအထိ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုကြောင့် အနည်းဆုံး ၁၁၄ဦးသေဆုံးခဲ့ရကြောင်း ကျန်းမာရေးဦးစီးဌာနက ဇွန်၂ရက်တွင် သတင်းထုတ်ပြန်သည်။

ထုတ်ပြန်ထား

ဇန်နဝါရီလ၁ရက်မှ မေလ၃ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၀၈၄၁ဦးအထိရှိခဲ့ရာ ယမန်နှစ် အလားတူကာလက ၇၉၉၂ဦး ဖြစ်ပွားခဲ့မှုထက် ပိုများခဲ့ကြောင်း အမျိုးသားကပ်ပါး ဗေဒဌာနမှထုတ်ပြန်သည်။

ထိုသို့ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု များလာခြင်းကြောင့် အချိန်ကာလရှည် တိုက်ဖျက်ရေး စီမံကိန်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဌာန အတွင်းရေးမှူးက ပြောကြားသည်။ **အမ်အင်နဲအေ၊ဆင်ဟွာ**

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

ဟောင်ကောင် ဇွန် ၄

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန်၄ရက်က ဖြစ်ပေါ်ခဲ့သည့် ရာသီဥတု အခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း ထုတ်ပြန်ထားသည်။

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၁၄°C	မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၁၅°C	မိုးရွာ
ဂျပန်	တိုကျိုး	၁၅°C	တိမ်ထူထပ်
ဖိလစ်ပိုင်	မနီလာ	၂၅°C	လေပြင်းတိုက်ခတ်
ဗီယက်နမ်	ဟန္ဒိုင်း	၂၅°C	လေပြင်းတိုက်ခတ်
ထိုင်း	ဗန်ကောက်	၂၅°C	လေပြင်းတိုက်ခတ်
မလေးရှား	ကွာလာလမ်ပူ	၂၄°C	လေပြင်းတိုက်ခတ်
စင်ကာပူ	စင်ကာပူ	၂၅°C	မိုးသက်လေပြင်းတိုက်ခတ်
အိန္ဒိယ	နယူးဒေလီ	၂၄°C	မိုးသက်လေပြင်းတိုက်ခတ်
ပါကစ္စတန်	ကရာချီ	၂၅°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၂၄°C	တိမ်ထူထပ်
ညစတြေးလျ	ဆစ်ဒနီ	၁၄°C	မိုးရွာ

(အင်တာနက်)

ပစိဖိတ်သမုဒ္ဒရာအတွင်းမှ တူဗာလူးနိုင်ငံ

သတင်းအက်ဆေး

တူဗာလူးနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းဒေသတွင် တည်ရှိပြီး ကျွန်းငယ်ကိုးကျွန်းဖြင့် ဖွဲ့စည်းထားသည့်နိုင်ငံဖြစ်သည်။ ၁၉၇၈ခုနှစ်တွင် မြိတ်သျှအုပ်စိုးမှုအောက်မှ လွတ်လပ်ရေးရလာသည်။ ကျွန်းငါးကျွန်းမှာ သန္တာကျောက်တန်းများဖြစ်ပြီး အခြားကျွန်းလေးကျွန်းမှာမူ သမုဒ္ဒရာကြမ်းပြင်မှ ပေါ်ထွက်လာသည့် ကျွန်းငယ်များဖြစ်သည်။

တိုက်ပွဲဝင်

တူဗာလူးကျွန်းနိုင်ငံသည် မြေမိုမ့်နိုင်ငံဖြစ်သည်ဟု ဆိုရမည်။ အာဃယ်ကြောင့်ဟူမူ ဤနိုင်ငံ၏မြေမျက်နှာပြင်မှ မည်သည့်နေရာဒေသမဆို ပင်လယ်ရေမျက် နှာပြင်အထက် ၄ ဒသမ၅ မီတာမျှပင် မကျော်ရှိပေ။ ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာမြင့်တက်လာလျှင် ထိုကျွန်းများ ရေမြုပ်ကုန်သည့်အတွက် ဤကျွန်းနိုင်ငံမှ နိုင်ငံရေးသမားများသည် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကို နှီးဆော်တိုက်ပွဲဝင်နေကြခြင်းဖြစ်သည်။

ဤနိုင်ငံရှိကျွန်းများသို့ ဆာဒိုအာများ၊ ထွန်ဂါများနှင့်ဖိုလီနီးရှန်းများသည် ၁၄ရာစုက ပြောင်းရွှေ့လာခဲ့ကြသည်။ ၁၅၆၈-၁၅၉၅ ခုနှစ်များအတွင်း စပိန်တို့ရောက်လာခဲ့သည်။ ၁၈၁၉ခုနှစ်တွင် မြိတ်နိုင်အမတ် အက်ဒွပ်အဲလစ်ပိုင်သင်္ဘောတစ်စင်းဆိုက်ရောက်လာပြီး ဓုနှစ္ဓတာကျွန်းကို အဲလစ်ကျွန်းဟု သင်္ဘောမသိန်းမှူးက အမည်ပေးလိုက်သည်။ ထိုနောက် ကျွန်းကိုးကျွန်းစလုံးကို အဲလစ်ကျွန်းများဟု ခေါ်ဝေါ်သမုတ်သည်။

ပြန်ပေးဆွဲ

၁၈၅၀-၁၈၇၅ ခုနှစ်တွင် ဗီဂျီနင်ကွင်းစလန်တို့မှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဲလစ်ကျွန်းများရှိ ကျွန်းသားများကို အမေရိကန်နိုင်းရန် ပြန်ပေးဆွဲသည်။ ဥရောပရောဂါများ ကူးစက်သဖြင့် အဲလစ်ကျွန်းသားဦးရေမှာလည်း ၂၀၀၀၀မှ ၃၀၀၀အထိ ကျဆင်းသွားသည်။ ၁၈၆၃ ခုနှစ်တွင် ဗီရူးကျွန်ကုန်သည်များက ကျွန်းသား ၄၀၀တို့ကို ပြန်ပေးဆွဲခေါ်ဆောင်သွားသည်။

၁၈၇၃ခုနှစ်တွင် မြိတ်နိုက အနောက်စပိဖိတ်မဟာမင်းကြီးရုံးဖွင့်လှစ်သည်။ ၄၅နှစ်ကျော်မှာ ဗီဂျီတွင်ဖြစ်၏။ အဲလစ်ကျွန်းများနှင့် အခြားကျွန်းစုများကို မြိတ်နိုး၏ စီရင်ပိုင်ခွင့်အောက်သို့ သွတ်သွင်းလိုက်သည်။ ၁၉၉၂ ခုနှစ်တွင် အဲလစ်ကျွန်းများနှင့် ဂီလ်ဘတ်ကျွန်းများကို ပူးတွဲအထိန်းသိမ်းခံနိုင်သည်အဖြစ် မြိတ်နိုက ကြေညာသည်။ ၁၉၁၆ခုနှစ်တွင် ဂီလ်ဘတ်နှင့် အဲလစ်ကျွန်းများကို ကိုလိုနီ ထူထောင်သည်။ နောက်အနှစ် ၂၀အတွင်း လိုင်းကျွန်းများ၊ ဖိုးနစ်ကျွန်းများအပါအဝင် အခြားကျွန်းစုကိုပါ ကိုလိုနီလက်အောက်ခံအဖြစ် သတ်မှတ်သည်။

တူဗာလူး ကျွန်းနိုင်ငံသည် မြေနိမ့် နိုင်ငံဖြစ်သည်ဟု ဆိုရမည်။ အာဃယ်ကြောင့်ဟူမူ ဤနိုင်ငံ၏ မြေမျက်နှာပြင်မှ မည်သည့်နေရာ ဒေသမဆို ပင်လယ်ရေမျက်နှာပြင် အထက် ၄ ဒသမ ၅ မီတာမျှပင် မကျော်ရှိပေ။



ရွေးချယ်တင်မြှောက်

၁၉၇၄ခုနှစ်တွင် လူမျိုးရေးပြဿနာပေါ်ပေါက်လာသည်။ ဗိုလ်မီနီးဂျန်းအဲလစ်ကျွန်းသား ၉၀ရာခိုင်နှုန်းကျော်တို့က မိုက်ခရိုနီးရှန်း၊ ဂီလ်ဘတ်ကျွန်းများ၏ စိုးမိုးမှုမခွဲထွက်ရန် ဆန္ဒပေးကြသည်။ ၁၉�># ခုနှစ်တွင် အဲလစ်ကျွန်းများသည် တူဗာလူးအမည်ဖြင့် သီးသန့် မြိတ်သျှလက်အောက်ခံနိုင်ငံဖြစ်လာသည်။ တိုအာရီပီ လောတီကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၇၆ ခုနှစ်တွင် ဂီလ်ဘတ်ကျွန်းမှ တရားဝင်ခွဲထွက်သည်။ ၁၉�># ခုနှစ်တွင် ပထမဆုံး သီးခြားရွေးကောက်ပွဲကျင်းပသည်။ ၁۝# ခုနှစ်အောက်တိုဘာ ၁ရက်တွင် လွတ်လပ်ရေးရရှိသည်။ တိုအာရီပီ လောတီကို ဝန်ကြီးချုပ်အဖြစ် တာဝန်ယေးသည်။

၁۝# ခုနှစ်တွင် ဖွံ့ဖြိုးရေးအကူအညီပေးရေးအတွက် မြိတ်နိ၊ နယူးဇီလန်နှင့် ညြစကြေးလျှနိုင်ငံတို့က တူဗာလူးယုံကြည်အပ်နှံမှုရနိုင်ရေအဖွဲ့ထူထောင်သည်။ ထိုရန်ပုံငွေအဖွဲ့သို့ တောင်ကိုရီးယားနှင့် ဂျပန်တို့ကလည်း ရွေးကြောထည့်ဝင်သည်။

ကမ်းလမ်း

၁۝#ခုနှစ်တွင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၁ရာစုနှစ်အတွင်း ပင်လယ်ရေအောက် နှစ်မြုပ်မျောက်ကွယ်သွားနိုင်သည့် ကျွန်းများစာရင်းတွင် တူဗာလူးနိုင်ငံကိုပါ ကုလသမဂ္ဂကထည့်သွင်းကြောသည်။ ၂၀၀၀ပြည့်နှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ၂၀၀၁ ခုနှစ်တွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသည်။ ရေလွှမ်းမိုးခံရမည့် အန္တရာယ်ကြီးလာလျှင် တူဗာလူးနိုင်ငံသားများလာရောက်အခြေချနေထိုင်ရန်နယူးဇီလန်နိုင်ငံကကမ်းလှမ်းလိုက်သည်။

ဖန်လုံအိမ်အနှီသင်ဓာတ်ငွေ့ လေထုတွင်းထုတ်လုပ်မှု လျှော့ချရေး နိုင်ငံတကာသဘောတူညီချက် ကျိုတိုစာချုပ်ကို လက်မှတ်ရေးထိုးရန် ဦးဦးဆန့်သည့် အမေရိကန်နိုင်ငံအား ကီရီဘာတီနှင့် မော်လဒိုက်နိုင်ငံများကဲ့သို့ပင် တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း တူဗာလူးနိုင်ငံက ၂၀၀၁ခုနှစ် မတ်လတွင် ကြေညာသည်။

တူဗာလူးနိုင်ငံသားများမှာ ကျွန်းများပေါ်၌ နေထိုင်အခြေချရသည့်ဘဝမှာ ရိုးစင်းပြီး တစ်ခါတစ်ရံတွင် ကြမ်းတမ်းလှသည်ဟု ဆိုရ မည်။ ဤနိုင်ငံတွင် မြစ်များ စမ်းချောင်းများမရှိ။ ထိုကြောင့် စိုးရေခမ္ဘာမြင်းမှာ မလွဲမရောင်သာ အလုပ်တစ်ခုပင်။ကျွန်းအများစုတွင် အုန်းပင်များသာပေါ်းနေသည်။ အုန်းသီးဆန့်ခြောက်သည် တစ်ခုတည်းသော ပို့ကုန်ဖြစ်သည်။

ဤနိုင်ငံသည် နိုင်ငံခြားအကူအညီ၊ ငါးမည်းလုံး ငါးဖမ်းလိုင်စင် ရောင်းရုပင်ရေ၊ ၁၉၈၇ ခုနှစ်ကထူထောင်သည် ယုံကြည်အပ်နှံမှု ရနိုင်ပုံငွေမရှိသော အတိုးတိုအပေါ်မှီခိုနေရသည်။ ထို့အပြင် တံဆိပ်ခေါင်းရောင်းချရာမှရရှိသော ဝင်ငွေသည်လည်း မနည်းလှဟုဆိုပါသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ဘဝအမောပြေ

ယာဉ်ဌားလိုက်ပုံက....

ခရီးသည် အဌားမရှိသဖြင့် ကားဂိတ်တစ်ခုတွင်ရပ်နားပြီး ခရီးသည်လာဌားမှုကို စောင့်ဆိုင်းနေသော အဌားယာဉ်မောင်းအနီးသို့ ရုပ်ရည်သန့်ပြန့်သူ လူငယ်တစ်ဦးရောက်ရှိလာပြီး ကားဌားလေသည်။

လူငယ် ။ ။ကားဌားချင်တယ်။
ယာဉ်မောင်း ။ ။ရပါတယ်၊ သွားမယ့်နေရာကိုသာပြောပါ။
လူငယ် ။ ။နေရာ လေးနေရာလောက် သွားချင်တယ်။
ယာဉ်မောင်း ။ ။ရပါတယ်။ **(ရေးနှန်းပြောပြီးလိုက်ပို့လေသည်။)**
လူငယ် ။ ။ဘူတာရုံကို အရင်သွားမယ်။ ပြီးရင် သင်္ဘောဆိပ်ခဲ့ မြို့တောခန်းမ၊ နောက်ဆုံးနေရာက ပန်းခြံပါ။
ယာဉ်မောင်း ။ ။လူငယ်သွားလိုသည့်နေရာများကို တစ်နေရာပြီးတစ်နေရာ လိုက်ပို့လေသည်။ လူငယ်လည်း တစ်နေရာရောက်လိုက် ဆင်းသွားလိုက်၊ ခဏနေပြန်လာလိုက်နှင့် နေရာအားလုံး ပြိုပြီးသွားလေသည်။
လူငယ် ။ ။"ကားဆရာကျေးဇူးတင်ပါတယ်"ဟုပြောကာ အိတ်ထဲမှ ပိုက်ဆံကို အတန်ကြာရှာနေရာမှ ကတ်ပြားတစ်ခု ထွက်ကျလာသဖြင့် ယာဉ်မောင်းလည်း ကောက်ယူဖတ်ကြည့်လိုက်ရာ...
"စီတွေစဝေနာရှင်ဖြစ်ပါ၍ တွေ့ရှိပါက ကျေးဇူးပြုပြီး ဆေးရုံသို့ ပြန်ပို့ပေးပါရန်"
ယာဉ်မောင်း ။ ။"ဟိုက်"

မတ္တဆီကိုနိုင်ငံခြောက်ပိုင်း မာတာမိုဂိုးစ်မြို့တွင် ကျင်းပသည့် စက်ဘီးစီးပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်နေသည့် စက်ဘီးများအကြား မော်တော်ယာဉ်တစ်စီး ဝင်တိုက်မှုဖြစ်ပွားခဲ့သည်ကို ဗွန်နီ ၃ရက်က တွေ့ရစဉ်။ (အဆိုပါယာဉ်တိုက်မှုတွင် တစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိသွားခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မဆင်မခြင် စားသုံးလျှင်

ဘဂ်လားခေ့ရှိနိုင်ငံတွင် မသန့်ရှင်းသောရေဆိုင်အတွင်းမှ ဖမ်းယူရရှိသောငါးများကို မြွေသားများနှင့်ရောနှောချက်ပြုတ် စားသောကိန်းခိုကြောင့် လူသုံးဦးသေဆုံးခဲ့ရကြောင်း အင်တာနက်သတင်းမှ ဖော်ပြသည်။

ဖြစ်မှုးမှုမှာ ဘဂ်လားခေ့ရှိနိုင်ငံ ဒါကာမြို့ရှိ အမ္ပိုက်ပုံကြီးတစ်ခု၏ အနီးတွင်ရှိသည့် ရေအိုင်ကြီး အတွင်း ငါးများကိုဖမ်းယူပြီး မြွေသားများနှင့်ရောနှောပြီး ချက်ပြုတ်စားခဲ့ရာမှ မီသာစုဝင်ဘဉ်း ရှိသည့် ရေအိမ်တွင် သုံးဦးသေဆုံးခဲ့ရခြင်းဖြစ်သည်။

ကျန်သည်လူရစ်ဦးမှာလည်း အဆိုပါဟင်းများကို စားသုံးပြီးနောက် မူးဝေအော့အန်ခြင်းများဖြစ်ပွားခဲ့သဖြင့် အနီးရှိဆေးရုံသို့အမြန်တင်ပို့ ဆေးကုသပေးလျက်ရှိသည်။ ထို့ကြောင့် ယခုဖြစ်ရပ်သည် မသန့်ရှင်းသော ရေများ၌ရှိသည့်ငါးများနှင့် မြွေသားများကို ရောနှောမစားသင့်ကြောင်း သင်ခန်းစာပေးလျက်ရှိသည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး ဖေဘောမြင့်ထူး၊ မြင့်ဖေမိုး၊ ချစ်ရန်ဦး တင်ဟတ်နှင့် အေးသန္တာသိန်း

ပြန်မှာဘာလင်း ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ၄-၆-၂၀၀၈

ကမ္ဘာ့ရွှေဈေးနှုန်းများမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းတရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၉၅သမဝ၂ဒေါ်လာအထိ မြင့်တက်နေကြောင်း ၄င်းတို့က ပြောကြားသည်။

ကိုဇာကမ်းမြောင်ဒေသအား အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းကို လေကြောင်းမှတိုက်ခိုက်ခဲ့မှုကြောင့် ပါလက်စတိုင်းဒေသခံများ၁ဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။ ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းရှိ ခမ်ယူနစ်မြို့ အရှေ့ပိုင်းသို့ အစ္စရေးတိုက်လေယာဉ်များကလေကြောင်းမှတိုက်ခိုက်မှုကြောင့်နေအိမ်အချို့ပျက်စီးခဲ့ပြီး လူအချို့ ဒဏ်ရာရရှိခဲ့သည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်းတရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ပါကစ္စတန်တောင်ပိုင်း၌ ပုံးပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွိတာမြို့တွင်ပုံးပေါက်ကွဲမှုဖြစ်ပွားရာလေးဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါပုံးပေါက်ကွဲမှုမှာ ကွိတာမြို့ လမ်းမကြီးဘေး၌ ထောင်ထားသော လမ်းဘေးပုံး ပေါက်ကွဲခြင်း ဖြစ်ပြီး လေးဦးသေဆုံးကာ ခုနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာတန်ဖိုးအနည်းငယ် မြင့်တက်လာကြောင်း ဂျပန်ငွေကြေးလုပ်ငန်းရှင်များက ပြောကြားသည်။ ဂျပန်ငွေကြေးဈေးကွက်၌ အမေရိကန်တစ်ဒေါ်လာလျှင် ဂျပန်ယန်းငွေ၁၀၄ ဒသမ၂၆ သန်းရှိနေပြီး ယူရိုငွေနှင့်မလုယပ်ရာတွင် တစ်ယူရိုလျှင်အမေရိကန်ဒေါ်လာ၁ဒသမ၅၅၄၄ဒေါ်လာရှိနေကြောင်းသိရသည်။

ထိုင်းတောင်ပိုင်း၌ ပုံးပေါက်ကွဲမှုဖြစ်ပွား

ထိုင်းနိုင်ငံတောင်ပိုင်းတွင် လမ်းဘေးစုံး ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။ အဆိုပါပုံးပေါက်ကွဲမှုမှာ ပတ္တနီပြည်နယ်တောင်ပိုင်း မာယိုခရိုင်အတွင်း၌ဖြစ်ပြီး အစ္စနီးရောက်တိုက်ခိုက်ရေးသမားတို့၏ လက်ချက်ဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

နိုင်ငံခြားသတင်းများ

ဗုဒ္ဓဘာသာ ပြန်ကူးမှုများ

ယူရို ၂၀၀၈ ပြိုင်ပွဲဝင် အုပ်စု(ဃ)အသင်းများ၏ အနေအထား

သုံးသပ်ရေးသားသူ - ဟောင်ဟောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ဘန်း ဇွန် ၄

ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲ အုပ်စုကျပ်တဲ့ အထဲမှာ ရှရှား၊ ဆွီဒင်၊ ဂရိနဲ့ စပိန်အသင်းတွေပါဝင်တဲ့ အုပ်စု(ဃ)ပဲ ဖြစ်ပါတယ်။ ဒီအုပ်စုထဲမှာ ယူရို လက်ရှိချန်ပီယံ ဂရိအသင်း ပါဝင်နေတာကလည်း စိတ်ဝင်စားစရာကောင်းတဲ့ အချက်ဖြစ်နေပါတယ်။

ဒါ့ကြောင့် ယူရို ၂၀၀၈ရဲ့ အုပ်စု(ဃ)မှာ ပါဝင်တဲ့အသင်းတွေကို လေ့လာကြည့်တဲ့အခါ....

ဆွီဒင် အသင်း

အုပ်စုမှ တက်မည်ဟု ရေပန်းစားနေတဲ့ ဆွီဒင် အသင်း။



ဂရိအသင်း

ယူရိုလက်ရှိချန်ပီယံ ဂရိအသင်းဟာ ခြေစစ်ပွဲတွေ ကစားတဲ့အခါ ၁၂ပွဲကစား၊ ၁၀ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ ၃၁မှတ်ရပြီး ယူရိုခြေစစ်ပွဲ အုပ်စု(ဂ)မှာ အုပ်စု ပထမနဲ့ ခြေစစ်ပွဲအောင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဂရိအသင်းဟာ ယူရို၂၀၀၄တုန်းက ခံစစ်အခြေပြု တိုက်စစ်နည်းဗျူဟာကို ပုံသေထိုင်ပြီး ကစားခဲ့တာကြောင့် ပြိုင်ဘက်အသင်းတွေ ကစားရခက်ပြီး တစ်ဖက်အသင်း တိုက်စစ်မှူးတွေ လက်မှိုင်ချခဲ့ရတာမို့ ယူရိုဖလားကို ဂရိတို့ ဆွတ်ခူးသွားနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ပြိုင်ပွဲမှာ ဒုတိယ၊ ၁၉၈၈ခုနှစ် ယူရိုပြိုင်ပွဲမှာ ဒုတိယ စတဲ့မှတ်တမ်းကောင်းတွေ ပိုင်ဆိုင်ထားတဲ့ အသင်း ဖြစ်ပါတယ်။

ကြိုးစား

ဒီနှစ်ယူရို ၂၀၀၈ပြိုင်ပွဲရဲ့ ခြေစစ်ပွဲမှာတော့ ရှရှား အသင်းဟာ ၁၂ပွဲကစား ခုနှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ၂၄မှတ်ရပြီး အုပ်စု(င)မှာ ဒုတိယနေရာက ခြေစစ်ပွဲအောင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ရှရှားနည်းပြ ဂုစ်ဟစ်ဒင့်ဟာ ရှရှားအသင်းကို ပထမဆုံးအနေနဲ့ အုပ်စုအဆင့်က နောက်တစ်ဆင့် တက်ရောက်နိုင်အောင် ကြိုးစားသွားမယ်လို့ ဆိုနေပါတယ်။

စပိန် အသင်း

ယူရို ၂၀၀၈ ဖလား ရရှိရေး ပြိုင် ပွဲ ဝင် မည် စပိန်အသင်း။

လက်ရှိ ဂရိနည်းပြ အော်တိုရီဟာဂျယ်ဟာ ဂရိအသင်းကို စနစ်တကျ ဖွဲ့စည်းထားတဲ့အပြင် ယူရိုချန်ပီယံ ဖလားကို ကာကွယ်နိုင်ဖို့အတွက် အပြင်းအထန် ကြိုးစား ပြင်ဆင်နေတဲ့သူတစ်ဦး ဖြစ်ပါတယ်။ ဒါ့ကြောင့် ယူရို ၂၀၀၈ခြေစစ်ပွဲဝင် အသင်းတွေထဲမှာ အမှတ်အများဆုံးနဲ့ ခြေစစ်ပွဲအောင်ခဲ့တဲ့ ထူးထူးခြားခြားအသင်း ဖြစ်ပါတယ်။

သိပ်မလွယ်ကူ

ဂရိအသင်းဟာ လက်ရှိအခြေအနေမှာတော့ တိုက်စစ်မှူးတွေအဖြစ် ဘေယာလေဗာကူဆင်မှာ ကစားနေတဲ့ ဂျီကတ်စ်၊ ဆဲလ်တစ်မှာ ကစားနေတဲ့ ဆာမာရက်စ်၊ ဖရန့်ဖွတ်မှာ ကစားနေတဲ့ မန်ဒါတီဒစ်တို့ အားကိုးနဲ့ ယူရို၂၀၀၈ကို ဖြတ်သန်းမှာဖြစ်ပါတယ်။ နာမည်ကြီးတဲ့ ဂရိ နောက်တန်းမှာတော့ အိုလံပီယာကို့စ်မှာ ကစားနေကြတဲ့ အင်ဇက်စ်၊ တိုရိုစီဒစ်၊ ပက်ဆက်ဇိုယူးနဲ့ အက်လက်တီကို မက်ဒရစ်အသင်းမှာ ကစားနေတဲ့ စီတာရီဒစ်စ် ရှိနေပေမယ့် ယူရိုခြေစစ်ပွဲ၁၂ပွဲမှာ ၁၀ဂိုး ပေးထားခဲ့ရတာကတော့ များလွန်းနေပါတယ်။ ဒါ့ကြောင့် ဂရိခံစစ်ကြောင်းဟာ ယူရို၂၀၀၄တုန်းကလို အကောင်းစားတော့မဟုတ်ပါဘူး။ နောက်ပြီး စပိန်နဲ့ရှရှားတို့လို အသင်းတွေအပြင် ဆွီဒင်လို တိုက်စစ်မှူးကောင်းတွေပါဝင်တဲ့ အသင်းတွေကိုကျော်ဖြတ်ရမှာမို့ ဂရိတို့အုပ်စုကနေ နောက်တစ်ဆင့်တက်ဖို့ သိပ်တော့မလွယ်ဘူးလို့ ယူဆပါတယ်။

ရှရှားအသင်း

ယူရိုသမိုင်းမှာတော့ ရှရှားတို့က အညံ့စားထဲမှာ မပါတဲ့အသင်းဖြစ်ပါတယ်။ ရှရှားအသင်းဟာ ယခင် ဆိုဗီယက်ပြည်ထောင်စု အသင်းကို ဆက်ခံရတဲ့အသင်း ဖြစ်တာမို့ ဆိုဗီယက်အသင်းဟာ ရှရှားအသင်းလို့ သတ်မှတ်ရမှာပါပဲ။ ဒါ့ကြောင့် ရှရှားတို့ဟာ ၁၉၆၀ ပြည့်နှစ်မှာ စတင်တဲ့ ယူရိုဖလားကို ပထမဆုံး ဆွတ်ခူး နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင်၁၉၆၄ခုနှစ် ယူရို

ရှရှားအသင်းမှာ နရင်ဘတ်မှာ ကစားနေတဲ့ တိုက်စစ်မှူး အီဗန်ဆမ်ကို၊ အက်ဖ်ကေမော်စကိုမှာကစားနေတဲ့ ရိုမန်အဒါမို့ဗ်၊ ဇီနစ်အသင်းမှာကစားနေတဲ့ အင်ဒရီအာရှာဗင်တို့အပြင် လိုကိုမိုတစ်မှာ ကစားနေတဲ့ တိုက်စစ်မှူး ဒီမီထရီဆိုင်ချီဘက်တို့ ပါဝင်နေတာမို့ တိုက်စစ်အား အရမ်း ထက်မြက်တဲ့ အနေအထားတော့မဟုတ်ပါဘူး။ ဒါကြောင့် နည်းပြဂုစ်ဟစ်ဒင့် အုပ်စုအဆင့်တက်အောင် ဘယ်လိုစွမ်း ဆောင်ပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဆွီဒင်အသင်း

အုပ်စု(ဃ)မှာ နောက်တစ်ဆင့်တက်မယ်လို့ ရေပန်းစားနေတဲ့အသင်းကတော့ ဆွီဒင်ပါပဲ။ ယူရို၂၀၀၈ ခြေစစ်ပွဲမှာ ဆွီဒင်အသင်းဟာ အုပ်စု(ခ)မှာ ၁၂ပွဲကစား ရှစ်ပွဲနိုင်၊နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ၂၆မှတ်ရရှိပြီး အုပ်စုဒုတိယနေရာက ခြေစစ်ပွဲအောင်လာတဲ့အသင်း ဖြစ်ပါတယ်။

ဆွီဒင်အသင်းရဲ့တိုက်စစ်မှာ နာမည်ကြီး အင်တာမီလန် တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်၊ ဟယ်ဆင်ဘော့အသင်း တိုက်စစ်မှူးကြီး လာဆင်၊ ဝါဒါဘရီမင် တိုက်စစ်မှူးရိုဆန်ဘတ်နဲ့ ကိုပင်ဟောဂင်တိုက်စစ်မှူး မာကပ်စ်အောလ်ဘတ်တို့ ပါဝင်နေတာမို့ တိုက်စစ်အင်အားကတော့ အပြည့်ပါပဲ။ လာဆင်ဟာ ဒီနှစ်ယူအီးအက်ဖ်အေမှာဂိုးအများဆုံး သွင်းယူထားနိုင်တဲ့ တိုက်စစ်မှူးတစ်ဦး ဖြစ်ပါတယ်။

တက်ရောက်

ဆွီဒင်နည်းပြ လာဂါဘတ်စ်ဟာ ဆွီဒင်အသင်းကို အောင်မြင်မှုရအောင် စွမ်းဆောင်ပေးမယ်လို့ ကတိပြုထားပြီး ပြင်ဆင်လေ့ကျင့်မှုတွေ အပြင်းအထန်ပြုလုပ်ပေးနေပါတယ်။ ဆွီဒင်အသင်းမှာ ပထမဂိုးသမားအဖြစ် မန်စီးတီးမှာကစားနေတဲ့အိုက်ဆက်ဆန်တာဝန်ယူစေမှာဖြစ်ပြီး အရန်ဂိုးသမားကတော့ ဆဟာဘန်ပဲဖြစ်ပါတယ်။ ဆွီဒင် အသင်းဟာ ယူရို ၂၀၀၈မှာ ဗိုလ်စွဲမယ်လို့တော့ ရေပန်း မစားပေမယ့် အနိမ့်ဆုံးကွာတားဖိုင်နယ်အထိ တက်ရောက် နိုင်မယ်လို့ ယူဆပါတယ်။

စပိန်အသင်း

ယူရိုသမိုင်းမှာတော့ စပိန်အသင်းဟာ မှတ်တမ်း ကောင်းတဲ့အသင်းတွေထဲမှာ ပါဝင်ပါတယ်။ ၁၉၆၄ ခုနှစ်မှာ ချန်ပီယံ၊ ၁၉၈၄ ခုနှစ်မှာ ဒုတိယရရှိခဲ့တဲ့ အသင်းဖြစ်ပြီး စပိန်အသင်းဟာ ယူရိုပြိုင်ပွဲတိုင်းမှာတော့ ဗိုလ်စွဲမယ်ဆိုတဲ့ အသင်းတွေထဲမှာ ပါဝင်ခဲ့တာချည်းပါပဲ။

စပိန်နည်းပြ အာရာဂိုးနက်စ်ဟာ အသင်းကိုဖွဲ့စည်းတဲ့အခါ တိုက်စစ်မှာ တောရက်စ်၊ ဒေးဗစ်ဗီလာ၊ ဂူဇာနဲ့ ဆာဂျီယိုဂါစီယာတို့ ပါဝင်ထားပါတယ်။ဒေးဗစ်ဗီလာဟာ ယူရို ၂၀၀၈မှာတော့ ခုနှစ်ဂိုးသွင်းယူထားနိုင်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ ဂိုးသမားကတော့ ရီးရဲမက်ဒရစ်က ကားစီလက်စ်၊ ဆီဗီလာကပါးလော့စ်နဲ့ လီဗာပူးအသင်းက ရေနှာတို့ကို တာဝန်ပေးမှာမို့ လက်စွမ်းပြနေတဲ့ဂိုးသမားတွေ ပါပဲ။ စပိန်နောက်တန်းမှာ ရာမို့စ် (ရီးရဲမက်ဒရစ်)၊ ပူယိုးလ် (ဘာစီလိုနာ)၊ နာဗာရိုး(မာယော့ကာ)၊ အာဘီလိုအာ (လီဗာပူး)တို့ တာဝန်ယူမှာဖြစ်ပြီး ကွင်းလယ်မှာ အလွန်ဆို (လီဗာပူး)၊ ကာဇိုလာ (ဗီလာရီးရဲ)၊ ဖာဘရီဂတ်စ် (အာဆင်နယ်)၊ ဇာဗီး(ဘာစီလိုနာ)တို့ ကစားမှာမို့ ကွင်းလယ်ကစား အားကလည်း အပြည့်ပါပဲ။

စပိန်အသင်းဟာ အုပ်စုအတွင်း ပြိုင်ဘက်တွေဖြစ်တဲ့ ဂရိ၊ ရှရှားနဲ့ ဆွီဒင်အသင်းတွေကို ကျော်ဖြတ်ပြီး နောက်တစ်ဆင့်တက်နိုင်တဲ့အသင်းအဖြစ် ရေပန်းစားနေတာမို့ လက်ရှိကစားအား၊ လက်ရှိခြေစွမ်းအရ ဆိုရင်တော့ စပိန်တို့အုပ်စုအဆင့်က နောက်တစ်ဆင့်တက်ဖို့သေချာတဲ့ အသင်းဖြစ်မယ်လို့ ယူဆပါတယ်။ ။

ရှရှား အသင်း

ယူရိုဘောလုံးပွဲ သမိုင်း၌ အောင်မြင်မှု မှတ်တမ်း သစ် ရေးထိုးမည့် ရှရှားအသင်း။

အီတလီအသင်းခေါင်းဆောင် ကင်နာဟရို ဒဏ်ရာကြောင့် ယူရိုပွဲနှင့်လွဲချော်ပွယ်ရှိ

ရောမ ဇွန် ၄

အီတလီလက်ရွေးစင်အသင်းခေါင်းဆောင် ဖာဘီယိုကင်နာဗာရို(**အပေါ်ပုံ**)သည် ခြေချင်းဝတ်ဒဏ်ရာကြောင့် ယူရို ၂၀၀၈ ပြိုင်ပွဲနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်း အီတလီ ဘောလုံးအဖွဲ့ချုပ်က အတည်ပြုပြောကြားသည်။

အသက် ၃၄နှစ်အရွယ်ရှိ ခံစစ်မှူး ကင်နာဗာရိုသည် ဇွန် ၂ရက်က လေ့ကျင့်ကွင်းဆင်းစဉ် အသင်းမှကစားဖော် ချီလီနီနှင့်တိုက်မိရာမှ အဆိုပါခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ယူရို၂၀၀၈ပြိုင်ပွဲ အောင်မြင်မှုရရေး ရှရှားအသင်း အစွမ်းကုန်ကြိုးစားမည်

မော်စကို ဇွန် ၄

ရှရှားလက်ရွေးစင်အသင်းသည် ယူအီးအက်ဖ်အေ ချန်ပီယံ ဇီနစ်အသင်း၏ အောင်မြင်မှုကို အတုယူ ဆက်လက်ထိန်းသိမ်းသည့်အနေဖြင့် ယူရို၂၀၀၈ ပြိုင်ပွဲတွင် အောင်မြင်မှုရရေးအတွက် ကြိုးပမ်းသွားမည်ဟုဆိုသည်။

ရှရှားနည်းပြ ဂုစ်ဟစ်ဒင့်၏အသင်းသည် လွန်ခဲ့သည့် လက ယူအီးအက်ဖ်အေဖလားကို ပူပူနွေးနွေး ရရှိခဲ့သော ချန်ပီယံ ဇီနစ်အသင်းမှ ကစားသမားခြောက်ဦးနှင့် ၂၀၀၅ ယူအီးအက်ဖ်အေ ချန်ပီယံစီအက်စ်ကေအေ မော်စကိုအသင်း မှ ကစားသမားငါးဦးတို့ဖြင့် ရှရှားလက်ရွေးစင်အသင်းကို ဖွဲ့စည်းထားသည်။ **(အင်တာနက်)**

နယ်သာလန်အသင်း ဗိုလ်လုပွဲရောက်ရှိရေး ဘာဘယ် အစွမ်းကုန်ကြိုးစားမည်ဟုဆို

အမ်စတာဒမ် ဇွန် ၄

လီဗာပူးနှင့် နယ်သာလန်တောင်ပံကစားသမား ရိုင်ယန် ဘာဘယ်(**အပေါ်ပုံ**)သည် မေ၃၁ရက်ကလေ့ကျင့်ကွင်းဆင်း စဉ် ဒဏ်ရာရရှိခဲ့သော်လည်း သက်သာလာသောကြောင့် ဇွန်၂ရက်၌ နယ်သာလန်အသင်း၏ ယူရို ၂၀၀၈ အပြီး သတ် လူစာရင်းတွင် ပါဝင်လာခဲ့ပြီဖြစ်သည်။

ရိုင်ယန်ဘာဘယ်က ၄င်းအနေဖြင့် အသင်းကို ယူရို ၂၀၀၈ ဗိုလ်လုပွဲသို့ရောက်အောင် အစွမ်းကုန်ကြိုးစားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

ယူရို၂၀၀၈ပြိုင်ပွဲ အဖွင့်ပွဲစဉ် ခရိုအေးရှားနိုင်ရမည်ဟု ဘီလစ်ပြောကြား

ဇာဂရက် ဇွန် ၄

ခရိုအေးရှားအသင်းသည် အခက်အခဲများကို ရင်ဆိုင် ကျော်လွှားနိုင်သည့် အသင်းဖြစ်ကြောင်း နည်းပြဆလာဗင် ဘီလစ်က ပြောကြားလိုက်သည်။

ဇွန် ၈ရက်ပွဲစဉ်တွင် ဩစတြီးယားအသင်း၏ အမှား များမှရရှိလာသော အခွင့်အလမ်းများကို အသုံးချသွားမည် ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။ **(အင်တာနက်)**

လေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေနှင့် အမှုဆောင်အဖွဲ့ဝင်ဒေါက်တာထွန်းမြင့်တို့ ဦးဆောင်သောအဖွဲ့သည် ဇွန်၁ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကြခတ်ကုန်းလေး၊ အထက်ဆိပ်၊ သိုက်ကုန်း၊ ဆိပ်ကမ်းသာ၊ ကျိုက်ပတ်နှင့် အင်ကွတ်ကျေးရွာများသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း၁၂၀ခန့်တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်း တာပေါ်လင်စ ၁၀၀၀၊ ရေသန့်ဆေးပြားတစ်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်၂၆၆၀၊ ငါးသေတ္တာဘူး၁၅၀၀၊ဟင်းထုပ်ဖာ ၅၀၊ အိုဗာ တင်းလေးဖာ၊ ဖိနပ်အရန်၁၀၀၀၊ တစ်ကိုယ်ရည်သုံး ပစ္စည်း၅၀၀၊ အရေးပေါ်သုံးပစ္စည်း ၅၀၀၊ ဓာတ်ဆားငါးဖာတို့ကို မြို့နယ်ကြက်ခြေနီတပ်ရင်းမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များလိုက်ပါ၍ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ ဒဂုံကျော် ကုမ္ပဏီလီမိတက်မှ ဖိုင်ဘာဘုတ်လေးစင်း လှူဒါန်း

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး၊ လူမှုရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒဂုံကျော်ကုမ္ပဏီလီမိတက်က ငွေကျပ်နှစ်ဆယ့်လေးသိန်း ငါးသောင်းတန်ဖိုးရှိ ဖိုင်ဘာဘုတ်လေးစင်းကို ယမန်နေ့ နံနက် ၁၁ နာရီက အမှတ်(၄၂) ကမ်းနားလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ်သို့ လာရောက်လှူဒါန်းရာ**(အောက်ပုံ)** မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သာလှရွှေနှင့် အမှုဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်မောင်လှ(ငြိမ်း)တို့ကလက်ခံပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေလှူဒါန်း

ရန်ကုန် ဇွန် ၄

လေဘေးသင့်ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများနေ့စဉ် လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီးမိသားစု၊ ဝန်ထမ်းမိသားစုများက လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများအတွက် အလှူငွေ ကျပ် ၅၅သိန်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဝန်ထမ်းများက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမသို့ လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး **(အောက်ပုံ)** ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် စင်ကာပူနိုင်ငံဆေးကုသရေးအဖွဲ့က ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၄

စင်ကာပူနိုင်ငံဆေးကုသရေးအဖွဲ့(Singapore Medical Team) က လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးနှင့်ဆေးပစ္စည်းလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာအထူးကုဌာနရှိ ကွပ်ကဲမှုရုံးခန်း၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ လက်ခံသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Robert Chua Hian Kong က ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း ရခြင်းအကြောင်း ရှင်းလင်းပြောကြား ခေါင်းဆောင် Dr. Fatimah က လက်ခံသည်။

ပြီး ဒုတိယဝန်ကြီးက ဧရာဝတီတိုင်း အတွင်း လေဘေးသင့် ပြည်သူများအား စင်ကာပူနိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှု လာရောက် ဆောင်ရွက်သည့် ဆေးကုသရေး အဖွဲ့အား ဂုဏ်ပြုလွှာများ ပေးအပ်ရာ စင်ကာပူသမ္မတနိုင်ငံ ဆေးကုသရေး အဖွဲ့

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးက အမေရိကန်ဒေါ်လာ ၁၁၀၀၀၀တန်ဖိုးရှိဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လက်ခံပြီး **(အပေါ်ပုံ)** ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။**(သတင်းစဉ်)**

ရန်ကုန် ဇွန် ၄

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ဝင်းဝင်းမော်သည် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မေ ၂၇ ရက် နံနက် ၁၀နာရီက ပုသိမ်မြို့ လေဘေးကယ်ဆယ်ရေးစခန်း အလက(၂)သို့ ရောက်ရှိပြီး ကယ်ဆယ်ရေးစခန်းမှ မိမိတို့ ကျေးရွာသို့ ပြန်လည်အခြေချနေထိုင်မည့် လေဘေးသင့်အိမ်ထောင်စုများအတွက် စားသောက်စရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ လက်သုံးကိရိယာများ မိသားစုအလိုက် ထောက်ပံ့ငွေများကို ပေးအပ်သည်။ **(ယာပုံ)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

၄င်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမော်နှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့ မေတ္တာဦးဆိပ်ကမ်းတွင် ရေယာဉ်များဖြင့် ပြန်လည်ထွက်ခွာမည့် လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးစခန်းမှ နေရပ်ကျေးရွာသို့ ပြန်လည်အခြေချနေထိုင်မည့် လေဘေးသင့်အိမ်ထောင်စုများအတွက် ငွေနှင့်ပစ္စည်းများပေးအပ်

မေ ၂၆ ရက်တွင် ပုသိမ်မြို့ မေတ္တာဦးဆိပ်ကမ်းမှ ရတနာမြိုင် ရေယာဉ်ဖြင့် လပ္ပတ္တာမြို့နယ် ရေတွင်းကုန်း၊ ကန်ညီနောင်၊ ဖိုးညာကုန်း၊ ထိမရွာ၊ ဘုန်းကြီးကုန်းကျေးရွာများမှ ပြည်သူ ၁၉၈ဦး၊ ရန်ဝင်းအောင်ကြီး ရေယာဉ်ဖြင့် ကုန်းကြီးကုန်း၊ သာခရမ်းကုန်းကျေးရွာမှ ပြည်သူ၂၅၄ဦး၊ နိုင်အောင်ဖြိုး၊ အောင်ပန်းကျော်၊ အောင်ဆုဟိန်း ရေယာဉ်များဖြင့် ပြည်သူ ၇၃၇ဦးကိုလည်းကောင်း၊ မေ ၂၇ ရက်တွင် အောင်သဉ္ဇာ၊ အောင်ပန်းညွှန့်ရေယာဉ်ဖြင့် ပြည်သူ ၂၇၂ဦး တို့သည် ပုသိမ်မြို့ လေဘေးကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေရပ်များသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **(က-ပ)**

ဥတုရာသီ တောကိုမှီ၏

တစ်ဦးချင်းအသိဖြင့် မြန်မာ့ရေမြေကို ကယ်တင်ပါ

ချစ်ဆွေမြင့်

ကမ္ဘာကြီးဟာ တစ်စတစ်စနဲ့ တဖြည်းဖြည်းချင်းပူနွေးလာနေပါတယ်တဲ့. . . Global Warming ဖြစ်ဖြစ်လာတယ်တဲ့။ နေမင်းကြီးဆီက ပြင်းထန်လွန်းတဲ့ နေရောင်ခြည်နဲ့ အပူရှိန်တွေ ကမ္ဘာကြီးဆီကို တိုက်ရိုက်ကျရောက်လာခြင်းမှ သက်သာအောင်ကာရံပေးထားတဲ့ Ozone လွှာဟာလည်း ပါးလာတယ်တဲ့။ အကာအရံတွေ နည်းလာတော့ နေမင်းကြီးရဲ့ အပူရှိန်တွေနဲ့ ရောင်ခြည်ပြင်းတွေကြောင့်၊ တစ်ခါမြေပြင်က မစုပ်ယူမထိန်းသိမ်းနိုင်ဘဲ ပြန်ကန်ထုတ်လိုက်တဲ့ အပူပြန်တွေကြောင့် ကမ္ဘာကြီးပူနွေးလာလို့ မြောက်ဝင်ရိုးစွန်းက ရေခဲတွေဟာ ပိုမိုအရည်ပျော်ပြီး ကမ္ဘာ့ပင်လယ်ပြင်ကြီးထဲ ကျရောက်လာတာ များများလာတယ်တဲ့။ ပင်လယ်ပြင်ကြီးဟာလည်း မူလရှိသင့်တဲ့ အနေအထားထက် ရေတွေပိုများလာတာကြောင့် ကမ်းခြေတွေကို ကျော်လွန်ကာ ရေကြီးတာတွေ ဖြစ်လာတယ်တဲ့။ မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာပညာရှင်တွေ ပြောနေကြတာပါ။

ကမ္ဘာကြီးရဲ့ သဘာဝပတ်ဝန်းကျင်ဟာ ဖြစ်သင့်ဖြစ်နေရမယ့်၊ ထိန်းကျောင်းထားရမယ့် အနေအထားထက် ပြောင်းလဲဖောက်ပြန်ကုန်တာကြောင့် ကမ္ဘာပေါ်ကလူအများနဲ့ တိရစ္ဆာန်တွေ၊ သစ်ပင်တွေ၊ သက်ရှိ သက်မဲ့တွေ မှီတင်းနေထိုင်ရေးကို ထိန်းသိမ်းပေးနိုင်စွမ်း လျော့လာနိုင်တယ်လို့လည်း ဆိုကြပါတယ်။ မိုးအလွန်ရွာပြီး ရေလျှံတာ၊ ကမ္ဘာကြီးရဲ့တစ်နေရာမှာ အချိန်အခါမဟုတ်ဘဲ လေမုန်တိုင်းတွေ တိုက်ခတ်နေတဲ့အချိန်မှာ အခြားနေရာမှာတော့ မိုးတွေခေါင်နေပြီး မြေဆီလွှာတွေ ကွဲအက်ခြောက်သွေ့နေတာ၊ ဆီးနှင်းတွေထူထပ်စွာကျပြီး လူနေအိမ်ခြေ၊ လမ်း၊ တံတား၊ လျှပ်စစ် စသည်တွေပျက်စီးနေတာ ငလျင်ကြီးလှုပ်တာတွေဟာ ကမ္ဘာကြီးရဲ့ တစ်နေရာမဟုတ်တစ်နေရာမှာဖြစ်နေတာ သီတင်းပတ်တိုင်း ကြားသိ တွေ့မြင်နေရပါတယ်။

တကယ်တော့ ကမ္ဘာကြီးနဲ့ သဘာဝရာသီဥတုပတ်ဝန်းကျင် အခြေအနေက လူတွေအသက်ရှည် မှီတင်းနေထိုင်နိုင်ဖို့ ဖြစ်ပါတယ်။ လူတွေရဲ့အစ၊ စကြဝဠာရဲ့အစကို မကြံနဲ့၊ မတွေးနဲ့လို့ ကျွန်တော်တို့ ဗုဒ္ဓဂေါတမမြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါတယ်လို့ အဆုံးအမတွေ ရရှိခဲ့ဖူးပါတယ်။ ကမ္ဘာကြီးနဲ့ လူတွေရဲ့အစကို စဉ်းစားတွေးတောမိပြီး အဖြေမရှိပေမယ့် ကျေးဇူးတင်နေရတဲ့အချိန်မျိုးမှာ ခုတလောအတွင်း စိုးရိမ်ပူပန်ဖွယ်ရာကောင်းလောက်အောင် အခြေအနေတွေက ဖြစ်နေတယ်။ လူတွေရဲ့ဖြစ်ပေါ်တိုးတက်မှုအတွက်၊ လူတွေရဲ့လိုအပ်ချက်အတွက် လူတွေကဖန်တီးကြရင်း သဘာဝကပေးထားတဲ့ စွမ်းအင်တွေကို ထုတ်သုံးရပါတယ်။ သဘာဝကပေးထားတဲ့ စွမ်းအင်တွေကိုသုံးရင်း လူတွေရဲ့လိုအပ်ချက်ကို ပြုပြင်ဖန်တီးရင်းနဲ့ မလိုတဲ့စွန့်ပစ်ပစ္စည်းတွေ၊ ဓာတ်ငွေ့တွေကြောင့် လူတွေအကျိုးပျက်ရာပျက်ကြောင်းတွေ ဖြစ်နေပါတယ်တဲ့. . . လူတွေအတွက် လိုအပ်တဲ့ ပစ္စည်းများထုတ်ဖို့ ဆောင်ရွက်ရင်းစက်ရုံတွေက ထုတ်လွှတ်လိုက်တဲ့ အသုံးမဝင်တော့တဲ့ ဓာတ်ငွေ့၊ လူတွေအသုံးပြုတဲ့ယာဉ်၊ ရထား၊ ကားတွေက ထုတ်လွှတ်လိုက်ရတဲ့ အသုံးမဝင်တော့တဲ့ဓာတ်ငွေ့၊ တောတောင် သစ်ပင်တွေဟာ မတော်တဆဘဲဖြစ်ဖြစ်၊ လူတို့ဖျက်ဆီးမီးရှို့လို့ပဲဖြစ်ဖြစ် မီးလောင်ကျွမ်းပျက်စီးရာက ထုတ်လွှတ်ရတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဆိုတဲ့ ဓာတ်ငွေ့၊ အဲဒီ မလိုအပ်တဲ့ဓာတ်ငွေ့တွေ အလွန်အကျွံ ထုတ်လွှတ်တာများပြီး ကမ္ဘာကြီးအပေါ်မှာ လွှမ်းခြုံပတ်ဝိုင်းရာက ကမ္ဘာကြီးပူနွေးလာတယ်လို့ ပြောကြပါတယ်။ ကမ္ဘာ့လေထုမှာ ရှိသင့်တာထက်ပိုမရှိအပ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များလာတာကို စုပ်ယူထိန်းသိမ်းပေးမယ့် သစ်ပင်သစ်တောတွေ ပြုန်းတီးကုန်ပြန်တော့လည်း အဲဒီမလိုတဲ့ ဓာတ်ငွေ့တွေဟာ ကမ္ဘာကို အုပ်မိုးထားလို့ ကမ္ဘာကြီး ပိုမိုပူနွေးလာတယ်လို့ပြောကြပါတယ်။ ကိုယ်နဲ့ထိစပ်နေတဲ့ သဘောမဟုတ်တော့ ရှုပ်နေသလိုပါပဲ။

သာမန်အားဖြင့် နေရောင်ခြည်က ကမ္ဘာမြေကို ထိခတ်ပြီးရင် အလင်းပြန်ခြင်း၊ အငွေ့ပြန်ခြင်းတွေ ရှိပါတယ်။ မြေပြောင်ပြောင် ကွင်းပြင်ကြီးထဲသွားရတာ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းပေါ် သွားရတာနဲ့ မြက်တော၊ ရွှံ့ညွန်တော ဖြတ်သန်းသွားရတာ အပူချိန်မတူသလိုမျိုးပေ့ါ။ မြေပြောင်တို့၊ ကတ္တရာလမ်းပေါ်တို့ကို နေရောင်ခြည်ကျပြီး အပူပြန်ရာမှ အဝေးကကြည့်ရင်ရေပြင်လက်နေသလိုပဲ။ ဒါကြောင့် မြန်မာစကားပုံတောင် ရှိသေးတယ်။ 'တံလျှပ်ရေထင်' လို့ အလိုက်မှားရင် အမှားဖြစ်တတ်တဲ့ သဘောလေ။ နေရောင်ခြည်ကမ္ဘာကိုကျရင် အချို့တစ်ဝက်က အပူပြန်ပြီး အချို့တစ်ဝက်ကို ကမ္ဘာကြီးက စုပ်ယူထားလိုက်ပါတယ်။ အပူပြန်ထွက်သွားတာက တော်သေးတယ်။ ကမ္ဘာမြေပြင်မှာ စုပ်ယူထားတာက လူနဲ့ ပတ်ဝန်းကျင်ကို ပူစေတယ်။ သူတို့ကပဲ အနီအောက်ရောင်ခြည်ဓာတ် ထုတ်လွှတ်ခြင်းကိုဖြစ်စေပြီး လူနဲ့ပတ်ဝန်းကျင်ကို ဘေးဖြစ်စေတတ်တယ်တဲ့။ ကမ္ဘာနဲ့ဝေးရာ အာကာသအထိ အပူပြန်သွားမယ့် ရောင်ခြည်တွေကို အပူပြန်တက်မသွားအောင် ကာဗွန်ဒိုင်အောက်ဆိုဒ်အပါအဝင် အချို့သောဓာတ်ငွေ့တွေက ပိတ်ဖုံးတားထားမယ်ဆိုပါတော့။ အဲဒီအခါမှာ ကမ္ဘာမြေပြင်ကို အပူချိန်မြင့်တက်စေတော့မယ်ဆိုတဲ့ သဘောပါပဲ။ အဲဒီဓာတ်ငွေ့အထု စုစည်းနေလာမှုကို ဖန်လုံအိမ်ဖြစ်ပေါ်တယ်။ Green House Gases ဖြစ်ပေါ်တယ်လို့ ဆိုကြပါတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဝဒသမဝ၃ ရာခိုင်နှုန်းသာပဲ ကမ္ဘာ့လေလွှာထုထဲမှာ ရှိနေပေမယ့် အခြားဓာတ်ငွေ့တွေနဲ့ ပေါင်းပြီးတဲ့အခါ ကမ္ဘာကပြန်ထုတ်လွှတ်လိုက်တဲ့ အပူဒဏ် ၃၀ ရာခိုင်နှုန်းလောက်ကို ထိန်းယူထားပါတယ်။ ပြီးတော့ ကမ္ဘာရဲ့ ပျမ်းမျှအပူချိန်ကို ၁၅ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ၅၉ ဒီဂရီဖာရင်ဟိုက်မှာ ထိန်းထားနိုင်တာလို့ ဆိုပါတယ်။

ဒီလို ဂဏန်းတွေ ဓာတ်ငွေ့ရာခိုင်နှုန်းတွေနဲ့ လေ့လာလေ၊ တွေးလေ သာမန်ရှင်းလင်းမှုနဲ့ ဝေးလေပါပဲ။ ရိုးရိုးလေးကတော့ နေရောင်ခြည်ကျလာတယ်။ အပူချိန်တွေပါလာတယ်။ အပူပြန်သွားရမယ့် ကိစ္စမှာ မပြန်နိုင်ဘူး။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ၊ အခြားဓာတ်ငွေ့လွှာကြီးက စုပ်ယူထိန်းထားလိုက်တယ်။ အဲဒီကနေ ကမ္ဘာကြီးကို ပုံမှန်ထက် အပူရှိန်တက်စေတာပါပဲ။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့၊ အခြားဓာတ်ငွေ့တွေ ဘယ်က ပိုရောက်လာလဲ။ သစ်တောတွေ မီးရှို့လို့၊ စက်ရုံတွေက မီးခိုးတွေထုတ်လွှတ်လို့၊ ကား၊ ရထား၊ ရေခဲသေတ္တာ၊ အဲယားကွန်း စတာတွေက ဓာတ်ငွေ့တွေ ထုတ်လွှတ်လို့၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူမယ့် သစ်တောသစ်ပင်တွေကို လူတွေက ရှင်းလင်းခုတ်ပစ်လို့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့နဲ့ အခြားဓာတ်ငွေ့တွေ ပိုပျံ့လာတာပါပဲ။ ကမ္ဘာကြီးပုံမှန်ထက်ပိုပြီး ပူလာတော့ ဘာဖြစ်နိုင်ပါသလဲ. . . ရာသီဥတုတွေ ဖောက်ပြန်ပြီး လူတွေဒုက္ခရောက်ရ၊ ပျက်စီးရတယ်ဆိုတဲ့ သဘောပါ။

ဒီလိုဖောက်ပြန်မှုကြီးတွေက ဆက်လာတော့ ကပ်ဘေးလိုဖြစ်လာပါတယ်။ ဖြစ်မှ ဖြေရှင်းကုစားတာထက် မဖြစ်အောင် ပြန်ထိန်းကြရတော့မယ့် အဖြေပါ။ ဒါကြောင့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုပြီး လူသားတွေနဲ့ အစိုးရအသီးသီးက၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက၊ ရာသီဥတုဆိုင်ရာ ပညာရှင်တွေက၊ ကြွယ်ဝပြည့်စုံပြီး ငွေကြေးတတ်နိုင်သူတွေက ဝိုင်းဝန်းပူးပေါင်း အဖြေရှာကြတော့တာပါပဲ။ လုပ်ငန်းဆောင်ရွက်ရတာတော့ ခက်ပါတယ်။ ဘာကြောင့် ခက်လဲဆိုတော့ လူသားတွေနဲ့ ဆက်စပ်ပတ်သက်နေတာကြောင့်ပါ။ ကားတွေမသုံးဘဲ ဆိုင်ကယ်၊ စက်ဘီးသုံးရန်၊ စက်ရုံတွေမလည်ပတ်ရန်၊ သစ်တောမခုတ်ရန်၊ မီးမရှို့ရန် ဆိုတာတွေက အားလုံးလိုက်နာနိုင်ရင် ကောင်းတာပေ့ါ။

အဲဒီ Green House Gases လို့ခေါ်တဲ့ ဖန်လုံအိမ်ဓာတ်ငွေ့ အချိုးအစားပမာဏကို လျှော့ချဖို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ က ကိုယ်စားလှယ်တွေဟာ ၁၉၉၇ ခုနှစ်က ဂျပန်နိုင်ငံ ကျိုတိုမြို့မှာ ကျင်းပတဲ့ ညီလာခံကြီးမှာ ဆွေးနွေးကြဖူးတယ်။ Green House Gas ထုကို သက္ကရာဇ် ၂၀၁၀ရောက်ရင် ၁၉၉၀ ပြည့်နှစ်က ထုထည်ထက် ၅ ရာခိုင်နှုန်း လျှော့ချပစ်ရင် ကောင်းမယ်ဆိုတဲ့ သဘောကို အတိအကျ မသတ်မှတ်နိုင်သေးဘဲ မူအားဖြင့်၊ အခြေခံအားဖြင့် သဘောတူညီခဲ့ကြတယ်။ သက္ကရာဇ် ၂၀၀၃ ခုနှစ်မှာ စက်မှုနိုင်ငံအများစုက အဲဒီသဘောကို လက်မှတ်ထိုးနိုင်ကြပေမယ့် အမေရိကန်ပြည်ထောင်စုသမ္မတက ငြင်းဆိုခဲ့တယ်။ ငြင်းပင်ငြင်းဆိုပေမယ့်လည်း အမှန်အားဖြင့်တော့ ဒီဖန်လုံအိမ် အာနိသင်ကြီးဟာ အမေရိကန်နိုင်ငံနဲ့ ပြည်သူလူထုကို ဘေးအန္တရာယ် ဖြစ်စေလိမ့်မယ်လို့ ယုံကြည်ကြသူ သမ္မတရဲ့ အုပ်ချုပ်ရေးအဖွဲ့တွေက ၂၀၀၂ ခုနှစ်မှာ သတင်းသုံးသပ်ချက် တင်ပြပြီးပါပြီ။ သူတို့ဟာ စက်မှုဖွံ့ဖြိုးနိုင်ငံကြီးဖြစ်ပြီး သူတို့ကြောင့် ကမ္ဘာ့ပတ်ဝန်းကျင် ပျက်စီးမှုအများဆုံးဖြစ်ရတာကို ဝန်မခံနိုင်သလို သူ့စီးပွားထိခိုက်မှာစိုးလို့ တွန့်ဆုတ်တဲ့သဘောလို့ ထင်ရပါတယ်။ ရုရှားဟာလည်း ၂၀၀၄ ခုနှစ်ကုန်မှ လက်မှတ်ရေးထိုးတာပါ။ ဆိုလိုတာက ပြောရတာလွယ်ပေမယ့် မရှိဆင်းရဲသူထက် ရှိသူ၊ သိသူ၊ သိလျက် ဖျက်ဆီးသူတွေကပင် အစားပြန်လျော်ဖို့ ခက်တတ်လို့ ပြောချင်တာပါ။ ခုတော့ ကုလသမဂ္ဂက ကမ္ဘာ့နိုင်ငံအားလုံး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ဖို့ Resolution ချပြီးပြီလို့ ဆိုပါတယ်။ မရှိတဲ့၊ မချမ်းသာတဲ့ နိုင်ငံတွေက ဘဝနဲ့ရင်းရတာဆိုတော့ တော်တော်ဖျောင်းဖျယူရတာပါ။ တောင်ယာမခုတ်နဲ့။ မြေဆီဖြုန်းတီးတယ်၊ ရေတိုက်စားတတ်တယ်၊ ကျေးငှက်၊ စမ်းရေ သဘာဝပျက်တတ်တယ်၊ မိုးကြီး၊ မိုးခေါင်ဖြစ်တတ်တယ်။ ပြောနေရပေမယ့်လည်း ရုတ်တရက်တော့ အချမ်းဒဏ်ကာဖို့ရာ၊ မြေပြန့်ဆင်းလယ်စိုက်ဖို့ရာ ဝမ်းစာ နေရာပြောင်းရှာဖို့ရာ၊ ဇာတိနေရာ စွန့်ခွာဖို့ရာ ဘယ်လွယ်နိုင်မှာလဲ။ ကျွန်တော်တို့တောင်မှ တောင်ယာမခုတ်သင့်၊ မီးမရှို့သင့်ကြောင်း သူကြီးကို စည်းရုံးဆွေးနွေးရင်း ညဥ့်နက်လာတော့ ချမ်းလွန်းလို့ သူကြီး မီးထပ်ထည့်ပါဦးလို့ ပြောရသေးတယ်။ ဒါကြောင့် တိုက်ရိုက်ဖြေရှင်းဖို့ထက် အသိပညာပေးဖို့က အရေးကြီးလာပါတယ်။

သတ္တုတွေ တူးတယ်ဆိုပါစို့။ လူနဲ့တူးနေတုန်းက တောနဲ့တောင်က သိပ်မပျက်ဘူး။ များများလိုချင်လို့ ကြီးကြီးမားမားလုပ်တော့ တောလည်းကုန်၊ တောင်လည်းပြိုပျက်၊ ရေဆီမြေလွှာလည်းပျက်တော့ ချောင်းတစ်လျှောက်ရေလျှံတာ၊ ရေလွှဲကုန်တာ ဖြစ်တတ်တာပါပဲ။ သတ္တုတူးတဲ့လုပ်ငန်းရှိလို့ အချို့ငွေကြေး မပြည့်စုံသူ၊ အလုပ်အကိုင်ရရှိနိုင်သလို နိုင်ငံမှာလည်း သတ္တုထွက်ကုန်ကြောင့် အမျိုးသားအကျိုးစီးပွား ခံစားရနိုင်တာကြောင့် အလုပ်ပိတ်ပစ်ဖို့ မဖြစ်နိုင်ပါဘူး။ စည်းကမ်းနည်းလမ်းနဲ့ ဖွံ့ဖြိုးရေးလုပ်ရင်း အစားထိုးပြန်လည်တည်ဆောက်ပေးရဖို့ ဖန်တီးရမှာ လုပ်ငန်းရှင်ရဲ့ တာဝန်ပါ။ ကြီးကြပ်သူတွေရဲ့ စေတနာနဲ့ လမ်းညွှန်ချက်ပါ။

မြန်မာနိုင်ငံကတော့ ကမ္ဘာကြီးရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေကို မျက်ခြည်မပြတ်ကြည့် ဆင်ခြင်ရင်း ကိုယ့်နိုင်ငံ လမ်းကြောင်းပေါ်မှာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နေပါတယ်။ NCEA (National Commission For Environmental Affairs) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကော်မရှင်ကို ဖွဲ့ထားပြီး နိုင်ငံအတွင်း မှီတင်းနေထိုင်တည်ရှိနေတဲ့ ရေမြေတောတောင်နဲ့ သက်ရှိတို့ရဲ့ ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းနေပါတယ်။ ဝန်ကြီးဌာနရယ်လို့ သီးသန့်မရှိပေမယ့်လည်း သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ခံဆောင်ရွက်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးက ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။ နိုင်ငံနဲ့အဝန်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတို့ ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွေနဲ့ ညှိနှိုင်းအဖြေရှာ ဆောင်ရွက်ဖို့ရာ ဒုတိယဝန်ကြီးများက တာဝန်ခံဆောင်ရွက်ရမည့် Task force ခေါ် လုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်ပါတယ်။ တိုင်း/ပြည်နယ် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီများကလည်း မိမိတို့ဒေသအတွင်းမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမပျက်စီးရေး၊ အစားထိုးပြန်လည်တည်ဆောက်ရေး၊ ကြံ့ခိုင်ရေးတွေကို ဘဏ္ဍာငွေအနည်းဆုံးသုံးစွဲမှုနဲ့ ဆောင်ရွက်နေတာပါ။ မြန်မာနိုင်ငံအနေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းရပ်တွေမှာ ခေတ်နဲ့အညီ၊ ဒေသရဲ့ လိုအပ်ချက်နဲ့အညီ၊ တိုင်းပြည်ရဲ့ လိုအပ်ချက်နဲ့အညီ လုပ်ဆောင်နေတာပါ။

ကျေးလက်တွေ၊ တောင်တန်းဒေသတွေမှာ မှီတင်းနေထိုင်ရင်း အခြေခံပြည်သူလူထုဟာ ဝမ်းစာအတွက် တောင်ယာခုတ်ပြီး ရှာဖွေစားသောက် နေခဲ့ရတာဟာ လူ့အသိုင်းအဝိုင်းလေးတစ်ခုရဲ့ ရပ်တည်ချက်ပါပဲ။ မြန်မာ့သဘာဝကြီး ပြောင်းလဲဆုတ်ယုတ်ကုန်စေရလောက်အောင် ပျက်စီးစေခဲ့ရတာ မဟုတ်ပါဘူး။ ယနေ့ကမ္ဘာမှာ နာမည်ကြီး ရှေ့တန်းရောက်နေတဲ့ စက်မှုနိုင်ငံကြီးတွေလိုလည်း ကမ္ဘာ့နေရာအနှံ့ သဘာဝတွေကို ပျက်စီးသုံးစွဲခဲ့ရတာ မဟုတ်ပါဘူး။ အခြေအနေ အရပ်ရပ်အရ ဖွံ့ဖြိုးမှုနောက်ကျနေပေမယ့်လည်း ကမ္ဘာ့လူသားတွေ တည်ရှိနေရေးအတွက် စေတနာအပြည့်နဲ့လုပ်ဆောင်ချက်ကတော့ နောက်ကျမနေပါဘူး။ အချို့နယ်စပ်တွေမှာ သစ်တောအချို့ တရားမဝင်ပြုန်းတီးခဲ့ရတာတွေအတွက် ပင်လယ်ပြင်နဲ့ ကမ်းရိုးတန်းတွေမှာ ရှားပါးမျိုးနွယ်သားငါးတွေ တရားမဝင်ခိုးထုတ်ခံရ ပြုန်းတီးရတာတွေအတွက်လည်း နိုင်ငံတော်ဟာ ကိုယ့်ရဲ့ကျူးလွန်မှုမဟုတ်ပေမယ့် ကမ္ဘာမြေအတွက် လက်တွဲကာကွယ်နေတာပါပဲ။ နိုင်ငံစီးပွားအတွက် လိုအပ်လို့ သဘာဝကိုထုတ်သုံးခဲ့ရရင်လည်း အစားထိုးပြန်လည်ဖြည့်တင်းခဲ့တာ၊ နှစ်ရာချီပြီး ခြောက်သွေ့ခဲ့ရတဲ့ မြန်မာ့အသည်းနှလုံး ဒေသအညာမြေကို စိမ်းလန်းစိုပြည်ရေးစီမံကိန်းနဲ့ ပြန်လည်အကောင်အထည်ဖော်တာတွေဟာ ပြယုဂ်အစစ်အမှန်တွေပါပဲ။ မလိုသူတွေက မျက်စိမှိတ်ပြီး မသိချင်ယောင်ဆောင်ပေမယ့် သူတို့ရဲ့ မျက်ခွံအတွင်းသားမှာတော့ အရိပ်ထင်နေမှာပါ။

အစိုးရအနေနဲ့ ဘယ်လောက်ပဲ ကောင်းရာညွှန်၍ ကောင်းကျိုးထွင်ပေးနေပေမယ့် လက်တွဲဆောင်ရွက်နေတဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်တွေ၊ မှီတင်းနေထိုင်ဝမ်းစာရှာဖွေရတဲ့ ပြည်သူတွေ၊ အနာဂတ်ကို ပိုင်စိုးခံစားစံစားရမယ့် လူငယ်တွေအကြားမှာ သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွေးအမြင်အားနည်းလာရင် တိုင်းပြည်အတွက် ရေရှည်ဟာ စိတ်ပူပန်စရာပါ။ ဒါပေမယ့်လည်း လူတိုင်းက အသိခေါက်ခက် အဝင်နက်နေတာ မဟုတ်ဘူးဆိုတာကို တွေ့မိခဲ့ရတဲ့ အခါကျတော့လည်း အားတက်မိရပြန်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ တင်ပြခွင့်ပြုစေချင်တာကတော့ လွန်ခဲ့တဲ့နှစ်ပတ်လောက်က မင်းကွန်းဘက်ကို Touris ကိစ္စနဲ့ရောက်ရင်းသိခဲ့ရတဲ့ မန္တလေးက လူငယ်တက္ကသိုလ် ကျောင်းသားတွေဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ဝင်စားပြီး၊ သဘာဝကိုချစ်ခင်ပြီး သူတို့လိုအားလုံး ခံစားဆောင်ရွက်စေလိုတဲ့ သူတို့ရဲ့စေတနာနဲ့ အသိပညာ ဖြန့်ဖြူးမှုကဏ္ဍလေးကိုပါပဲ။ သူတို့က သူတို့အဖွဲ့လေးကို MECA(Myanmar Environment Conservation Association) လို့ မွေးယူ အမည်ပေးထားပါတယ်။ သူတို့ ကျွန်တော့်ကို ကမ်းပေးလိုက်တဲ့ လက်ကမ်းစာစောင်လေးမှာ ဖော်ပြတိုက်တွန်းထားတာလေးကို ကောက်နုတ်ဖော်ပြရရင်-

"ကမ္ဘာကြီးကိုကယ်တင်ပါ"

- သင်သည် မိမိ၏တတ်နိုင်စွမ်းဖြင့် ကမ္ဘာမြေကို ကယ်တင်သူဖြစ်နိုင်ပါသည်။
- ကမ္ဘာမြေကြီးက သင့်ဆီကိုအကူအညီတောင်းတဲ့ သဝဏ်လွှာတွေပို့ပေးနေပါတယ်။ ဒါတွေကို သင်သတိမထားမိလို့ပါ။

သဝဏ်လွှာကတော့-

- Green house effect လို့ခေါ်တဲ့ CO_2 ရာနှုန်း မြင့်တက်မှုကြောင့်ပေ့ါ။ ဒါတွေဘာလို့ဖြစ်တာလဲ?
- Deforestation လို့ခေါ်တဲ့ သစ်တောတွေပြုန်းတီးမှု။
- ကမ္ဘာ့လူဦးရေ တိုးပွားလာမှု။
- CO_2 အထွက်များတဲ့ စက်မှုနည်းပညာတွေ အသုံးများလာမှု၊
- ကျွန်တော်တို့လုပ်နိုင်တာကတော့ သစ်တောတွေကို ဒီထက်ပိုပြီး မပြုန်းတီးအောင် စောင့်ရှောက်ဖို့ပါ၊
- သစ်တောတွေက CO_2 ကို စုပ်ယူပေးတဲ့ ကယ်တင်ရှင်ကြီးတွေပါ၊
- မြေနေရာရရင် အရိပ်ရမယ့်အပင်ကြီးမျိုးတွေ စိုက်ပေးပေ့ါ။
- မလိုအပ်ဘဲနဲ့ သစ်ပင်တွေကို မခုတ်နဲ့လေ။
- နောက်ပြီးမြေဆီလွှာတွေကို ဖျက်ဆီးမယ့်ပစ္စည်း ပလတ်စတစ်တွေကိုလည်း အရမ်းမပစ်ကြနဲ့။

  ဒီပလတ်စတစ်တွေက အသည်းမာတယ် မပျက်စီးဘဲ မြေကြီးထဲမှာ အကြာကြီးနေပြီး မြေဆီလွှာတွေကို ဖျက်ဆီးနေမှာ။
- နောက်ပြီး တစ်စစပျောက်ဆုံးကုန်တော့မယ့် ရေမြေတောတောင် မြစ်ချောင်းတွေကိုလည်း ထိန်းသိမ်းရမယ်။ အဲဒီမှာ ပျော်ရွှင်စွာ နေထိုင်ကြတဲ့ ကျေးငှက်တိရစ္ဆာန်မျိုးနွယ်စုတွေကိုလည်း တန်ဖိုးထားရမယ်။
- ဆိုးရွားတဲ့ ပလတ်စတစ်တွေက အဖိုးတန်တိရစ္ဆာန်မျိုးနွယ်တွေကို ဖျက်ဆီးနေတာ။ စည်းကမ်းမဲ့ လွှင့်ပစ်ထားတဲ့ အဲဒီ ပလတ်စတစ်ပစ္စည်းတွေကြောင့် ရေထဲမှာနေတဲ့ သတ္တဝါတွေ တဖြည်းဖြည်းမျိုးသုဉ်းပျောက်ကွယ်နေပြီ။
- ပတ်ဝန်းကျင်ကိုလည်းရုပ်ဆိုးစေတဲ့ ကောင်းကျိုးမပေးတဲ့ ပလတ်စတစ်တွေကို ရေအိုင်၊ မြစ်ချောင်းတွေနဲ့ စိမ်းစိုလှပနေတဲ့ သစ်တောတွေထဲမှာမရှိအောင် သင်က ထိန်းထိန်းသိမ်းသိမ်း စွန့်ပစ်ရမယ်နော်။
- နောက်ကျန်သေးတယ် လောင်စာတွေ အများကြီးမကုန်အောင် စွမ်းအင်ကို ချွေတာစို့။
- မီးချောင်းတွေ မလိုအပ်ဘဲ မဖွင့်နဲ့လေ။
- ရေပိုက်ခေါင်းတွေကိုလဲ သေသေချာချာပိတ်ရမယ်၊ ရေတွေအလဟဿဆုံးရှုံးကုန်မှာစိုးလို့။
- ကမ္ဘာမြေကြီးပေါ်မှာ သင်နေထိုင်တာကြာပြီ ကမ္ဘာမြေအတွက်နည်းနည်းလောက်တော့ သင်ပြန်ကျေးဇူးပြုရမယ်လေ။
- သင်သွားတဲ့အခါကျရင်လဲ သင့်ရဲ့ စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် လှပတဲ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးပါ။
- သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ချစ်မြတ်နိုးရမှာကမ္ဘာသူ/သားတိုင်းရဲ့ တာဝန်ပါ။ အခုလောလောဆယ် မြန်မာ့ပတ်ဝန်းကျင်ကို လက်လှမ်းမီသလောက် ထိန်းသိမ်းကြစို့။

အနာဂတ်ကိုပိုင်စိုးကြမယ့် လူငယ်လေးတွေက သဘာဝပတ်ဝန်းကျင်ကြီး ရှင်သန်တည်မြဲနေစေချင်တယ်။ ဩကာသလောကကြီးကို မှီတင်းနေထိုင်နေတဲ့ သက်ရှိသက်မဲ့တွေဟာ ရေရှည်တည်တံ့ရှင်သန်အောင် နေထိုင်ရင်း လူသားနဲ့သဘာဝကို ပံ့ပိုးစေချင်တယ်။ သူတို့နေထိုင်တဲ့ သဘာဝအလှကမ္ဘာကြီးကို ထိန်းသိမ်းချင်ကြတယ်။ ဒါဟာ အလွန်မှမွန်မြတ်ကောင်းမွန်တဲ့၊ ခေတ်မီတဲ့၊ အတွေးအခေါ်မှန်တဲ့၊ စေတနာမှန်တဲ့ တောက်ပြောင်တဲ့၊ လူငယ်တို့ရဲ့ မူရင်းစိတ်ပဲ။ သည်လူငယ်လေးတွေကို အကြောင်းပြုပြီး ကျွန်တော်တို့ မြန်မာလူသား အားလုံးဟာလည်း မြန်မာ့ရေမြေသဘာဝကို ကိုယ်ကျရာကဏ္ဍက အတတ်နိုင်ဆုံး ထိန်းသိမ်းကြပါစို့လို့ ဖိတ်ခေါ်အပ်ပါတယ်။ ပြောပြရဦးမယ်။ အဲဒီ MECA ကို ဖွဲ့စည်းပြုစုဖို့ စတင်သူကတော့ မန္တလေးဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(ခ)တန်း Final Part II ကျောင်း သူမနန်းဥမ္မာနဲ့ အပေါင်းအသင်းများ ဖြစ်ကြကြောင်း သတင်းကောင်း ပါးအပ်ပါတယ်။ ။

5-6 (15).pmd 1 6/5/2008, 2:13 AM

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီကာလ စိုက်ပျိုး လျက်ရှိသော ခြစည်းရိုးကြက်ဆူပင် စိုက်ခင်းကို မေ ၂၃ ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် အမှုဆောင်အရာရှိ ဦးကျော(ရှိ)မျိုးမြင့်တို့ ကွင်းဆင်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ဇင်ငင်သက်က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့်မြို့၌ အရိပ်ရပင်များ စိုက်ပျိုး

ဖားကန့် မေ ၂၈

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ကွင်းသာယာ လုပ်ရေးအတွက်မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သော ဝန်ထမ်းများ မေ ၁၂ ရက်က ကျောက်တိုင်ကွင်း ပတ်လည် တွင် အရိပ်ရပင်များဖြစ်သော ကုက္ကို ပင်နှင့် ရေတမာပင်များ စိုက်ပျိုးကြရာ သို့ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရ သည်။ (မြို့နယ်စည်ပင်)

ပေါင်မြို့ မိုးနိုင်းရပ်ကွက် အေးကမ္ဘာရိပ်သာ ကရင်စုကျောင်းတိုက်တွင် အေးကမ္ဘာသုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ထားပယ်စု ရပ်ကွက်နေ အလှူရှင် ဒေါ်ထွေးက ၄ွေကျပ် ၃၅ သိန်း ပေးအပ်လှူဒါန်းရာ အေးကမ္ဘာရိပ်သာ ကရင်စုကျောင်းတိုက် ပဓာနနာယက အဲခေါင်ဗုန်း ဆရာတော်အသျှင် ဝိသာဒဘုဏာက အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် ကျောက်ဆောက်ကုန်းကျေးရွာ စက်ရေတွင်း ပြုပြင်ပြီး ရေစစ်သပ်ဓောင်းနှင်ရေမှုကို မေ ၂၆ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိမ်းကွင်းဆင်းစစ်ဆေးရာ လက်ထောက် အင်ဂျင်နီယာ ဦးရွှေထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လေဘေးသင့် ပြည်သူများအတွက် အမျိုးသမီးဝတ်အင်္ကျီများ လျှူဒါန်း

မန္တလေး မေ ၂၀

ရန်ကုန်တိုင်းနှင့် ရောဝတီတိုင်း လေဘေးသင့်ပြည်သူများအတွက် အမျိုး သမီးအင်္ကျီများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၄ ရက် နံနက်က မန္တလေးအောင်မြေ သာစံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဌာ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေနှင့်အသင်းဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအုပ်ဒေါ်ညီညီဆန်းနှင့်ဝန်ထမ်းများ၊ ချမ်းမြေ ရောင်းဝယ်ရေး သမဝါယမအသင်း ဒါရိုက်တာဥက္ကဋ္ဌ ဦးဘကြည်နှင့်အဖွဲ့ဝင်များ၊ စာရင်းကိုင်တာဝန်ခံ ဦးထွဏ်းလှအောင်နှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရေးဦးစွာ ဒါရိုက်တာဥက္ကဋ္ဌ ဦးဘကြည်က အသင်းမှလေဘေးသင့်ပြည်သူ များအတွက် အမျိုးသမီးဝတ်အင်္ကျီအထည်ဘဝအတွက် တန်ဖိုးငွေကျပ်တစ်သိန်း ခြောက်သောင်းနှစ်ထောင် ပေးအပ်လှူဒါန်းရခြင်းကိုရှင်းပြပြီး မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။(**အောက်ပုံ**) (ဝဇ္ဇ၀)

ရေနောက်ဆည်မြို့နယ် ကျောက်ဆောက်ကုန်းကျေးရွာ

ကျေးလက်ပြည်သူများ စာဖတ်စွမ်းရည်မြင့်မားရေး၊ စာပေအစဉ်မပြတ် လေ့လာဖတ်ရှုနိုင်ရေးအတွက် သာစည်မြို့နယ်အတွင်းရှိ ကန်ဆွယ်ကျေးရွာနှင့် ကပ်ကျေးအင်းကျေးရွာတို့တွင် စာကြည့်တိုက်အဆောက်အအုံနှစ်လုံး နိုင်မာစွာ တည်ဆောက်ရန် အလှူပေးအပ်လှူဒါန်းပွဲကို မေ ၁၇ ရက် နံနက် ၉နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန စာဖတ်ခန်းမ၌ကျင်းပသည်။

ထို့နောက် အလှူရှင် ရွှေဂါးကုမ္ဍဏီလီမိတက်ပိုင်ရှင် ဒေါ်အင်ဖိတ်ဘီနှင့် သား ဦးဘဇင်တို့က စာကြည့်တိုက်တည်ဆောက်ရန်အတွက် အလှူငွေကျပ်လေးသိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က လက်ခံယူကြောင်း သိရသည်။ (ဝဇ္ဇ၄)

စာပေအစဉ်မပြတ် လေ့လာဖတ်ရှုနိုင်ရေး စာကြည့်တိုက်တည်ဆောက်ရန် ငွေလျှူဒါန်း

သာစည် မေ ၃၀

ကျေးလက်ပြည်သူများ စာဖတ်စွမ်းရည်မြင့်မားရေး၊ စာပေအစဉ်မပြတ် လေ့လာဖတ်ရှုနိုင်ရေးအတွက် သာစည်မြို့နယ်အတွင်းရှိ ကန်ဆွယ်ကျေးရွာနှင့် ကပ်ကျေးအင်းကျေးရွာတို့တွင် စာကြည့်တိုက်အဆောက်အအုံနှစ်လုံး နိုင်မာစွာ တည်ဆောက်ရန် အလှူပေးအပ်လှူဒါန်းပွဲကို မေ ၁၇ ရက် နံနက် ၉နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန စာဖတ်ခန်းမ၌ကျင်းပသည်။

ထို့နောက် အလှူရှင် ရွှေဂါးကုမ္ဍဏီလီမိတက်ပိုင်ရှင် ဒေါ်အင်ဖိတ်ဘီနှင့် သား ဦးဘဇင်တို့က စာကြည့်တိုက်တည်ဆောက်ရန်အတွက် အလှူငွေကျပ်လေးသိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က လက်ခံယူကြောင်း သိရသည်။ (ဝဇ္ဇ၄)

သယံနိုးကျွန်းရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ပညာဒါနသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်း သယံနိုးကျွန်းမြို့နယ် ဆ/ခရပ်ကွက် လေးထောင့်ကန်လမ်းမကြီး(ဘဝမြင့်မှတ်တိုင်အနီး)ရှိရတနာ သိဒ္ဓိ ပရိယတ္တိစာသင်တိုက်၌ ပဓာနနာယက ဆရာတော် ဦးစီးဖြင့် ပညာဒါနသင်တန်းများအဖြစ်အင်္ဂလိပ်၊ကျွမ်း၊တရုတ် ဘာသာ(အရေး၊ အဖတ်၊ အပြော၊ ဘာသာပြန်)အထူး သင်တန်းများကို ဇွန်၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် Top English ဝဂ္ဂဇင်း အယ်ဒီတာချုပ် ဦးမိုးမြင့်မောင် (ဆရာဝီလျှံ)နှင့် ဦးစိုးဦမိုး (Tokyo Japan) စသည့် ဝါရင့်ဆရာ ဆရာမများက ပညာ ဒါနအဖြစ် သင်ကြားပို့ချလျက်ရှိသည် သင်တန်းကာလမှာ နှစ်လဖြစ်ပြီး သင်တန်းနှင့် ပတ်သက်၍သိလိုသောအချက် အလက်များကို ဖုန်း-၅၆၀၇၄၃သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်သည်။ (က-၀)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကဲဘဲ့ဘုတာရုံလမ်း ပဋ္ဌိကာယ သာသနာ့ဝိမောန်ကျောင်းတိုက်ရှိ ရန်ကုန် နိုကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ဌေရတုနှင့် စာအောင် ထာဝရပေသာပင်အတွက် ဓေတ္တမလေးရှားရောက် ဦးကျော်တင့်၊ ဦးအောင်ကျော်စော၊ မောင်ပွင့်ဇော်၊ မောင်တင်ထွန်းနှင့် သူငယ်ချင်းတစ်စု တို့က အင်းစိန်မြို့နယ် လှိုင်ပြစ်လမ်း ဝေါက်တောဝ ကုန်သွယ်၊ လယ်ယာခန်ထမ်းအိမ်ရာဝင်းနေ ဦးဝင်းမောင်မှ တစ်ဆင့် အလှူငွေကျပ် တစ်သိန်းငါးသောင်းလေးထောင်ကို ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအေး၊ ဦးအောင်ကြွယ်နှင့် အမှုဆောင် ဦးသိန်းဟန်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-၀)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၂၄၅ Hensin HS 110 ယာဉ်လက်ဝယ်ရှိသူ ဦးရိုးင်း ၉/ဝတန(နိုင်) ၀၀၂၄၈၈ ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက နိုင်ငံလုံးသော အထောက်အထားများ ဖြင့် ကြေငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါနေရာသို့ လျှက်မယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကည္ဓမ ခရိုင်ရုံး၊ (မိန္တိုလာဗြို့)။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈/ဖ၉၃၅ Honda Astreli ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလွင်ဦး မှတ်ပုံတင်အမှတ် ၉/မရက(နိုင်)၁၀၄၁၈၈ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်ငံလုံးသောအထောက် အထားများဖြင့် ကြေငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လျှက်မယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကည္ဓမ၊ ခရိုင်ရုံး(ဓနုလေးတောင်ပိုင်း)၊ဓနုလေးမြို့။

ပေါ်လစ်ဆန်ရပြီ

ပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၄၈/ဖ၉၂၅၏အခွန် အစိမ်းရောင် ပျောက်ဆုံးသွားပါ သဖြင့် ထွေရှိက ပြန်လည်ထေပို့ပါရန်။ (ကျေးဇူး ဆပ်ပါမည်။) ဦးတင်ရွှေ ဖုန်း-၀၉-၅၀-၆၃၂၆၅။

ရောင်းမည်

ပြင်ဦးလွင်မြို့ အနီးစခန်း၊ ဈေးကုန်းရွာ မန္တလေး-လာရှိုး လမ်းတေး ၀၆(စ၀X၇၀) မြေကွက်များ ရောင်းမည်။ (ညှိနှိုင်းဈေး)

ဖုန်း-၀၉-၅၁-စ၃၁၅၉။

ကြိုးစကျောင်းအာစရိယပူတော်ပွဲ

၁၉ဖေဖေ မှ ၁၉စ၀အထိ ကျောင်းသား၊ ကျောင်းသူမဟောင်းများ၏ အစရိယပူတော်ပွဲ အခမ်းအနားကို ၂၈-၆-၂၀၀၈ ရက်တွင် ကျင်းပပြုလုပ်ပါမည်။

ဆက်သွယ်ရန် ဦးမောင်စောင်ဝင် ဖုန်း-၀၈၂-၂၄၆၃၆
ဦးလှရွှေ ဖုန်း-၀၈၂-၂၂၀၆၂
ဦးမောင်အေး ဖုန်း-၀၈၂-၂၂၀၇၄
ဦးဆောင်နိုင် ဖုန်း-၀၈၂-၂၃၃၀
ဦးမောင်ဆန်း ဖုန်း-၀၈၂-၃၀၀၄၇
ဒေါ်ရီဃါ ဖုန်း-၀၈၂-၂၂၂၃
ဦးမိုးကြွယ် ဖုန်း-၀၉-၅၁-၆၀၅၄။

သက်ဆိုင်သူများသိစေရန် ကြေညာချက်

မက်သခန်းအသင်းတော် (အထက်မြန်မာပြည်)၊ ကွန်ဖရင့်ဘဏ္ဍာထိန်း အသင်းကြီး၏ ခွင့်ပြုချက်နှင့် ဓနုလေးဒီကြော်သာသာနာနယ်၊ (၄၄)ကြိမ် မြောက် ဆင်းရဲနာ့အစည်းအဝေးကြီး၏ ခွင့်ပြုချက်တို့အရ သာသာဆိုင်သူများ သိစေရန် ကြေညာလိုက်ပါသည်။

မကွေးတိုင်း မဒုဏ္ဍာမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့မလမ်း တွင်တည်ရှိသည့် ဝက်စလီယံသာသနာပြုအသင်းဟု မြေစာရင်းအရည် ပေါက် ဝိုင်းမြေကွက်နှင့် ယခင်ရှိပြီး အဆောက်အအုံအား နှစ်ပေါင်းများစွာ သက်ဆိုင်ရာ အသင်းတော်၏ ခွင့်ပြုချက်မြင့် ဌားရမ်းအသုံးပြုခွင့်ရရြိကာ ဌားရမ်းကာလအတွင်း တာဝန်ကျေပွန်စွာ ပေးသူဌားရမ်းခဲ့သော မဒုဏ္ဍာမြို့ နယ် ကုန်သည်ပွဲစားများအသင်းသို့ ၂၀၀၈ ခုနှစ် မေ၁၄ ရက်က ညှိနှိုင်း အစည်းအဝေးများ၏ သဘောတူညီချက်အရ အရေးအယပ်ပြုလုပ်ပြီး ဖြစ်ပါကြောင်း အသင်းတော်၏ တာဝန်ပေးအပ်ချက်အရ သက်ဆိုင်သူများ သိစေရန် ကြေညာအပ်ပါသည်။

အသင်းတော်၏တာဝန်လွှဲအပ်ချက်အရ-
ဆာကစ်ဝိုင်ထီးထောက်အုပ်
ချောက်၊ မဒုဏ္ဍာ။ ဟော်ဘွယ်ဆာကစ်
မက်သခန်အသင်းတော်(အထက်မြန်မာပြည်)၊
မဒုဏ္ဍာမြို့။

ပုန်းမေးဖေခင်

ဆရာမမေခင်စုရှင်(ဝ००)0951.50153

ကိုစိုးမင်းဦးနှင့် အများသိစေရန် ကြေညာချက်

ပဒုဏ္ဍာမြို့ အမှတ်(၇)ရပ်ကွက် ဆောင်မြေသာခံလမ်းရေ ဦးသိန်းထွန်း-ဒေါ်ဝင်းမြင့်ဝိုတို့၏သမီး မစင်မီထွန်း ၀/မတ(နိုင်)၂၀၁၀၁ ၏ လွှဲပယ်ညှန်ကြားချက် အရ ပေါက်မြို့နယ် လယ်သာကိုရွာ (ယခု ပဒုဏ္ဍာမြို့ အမှတ်(၁၁)ရပ်ကွက် ၂ လမ်း ဧကတိကခွဲ)ရေ (ဘမ)ဦးစန်းလွင့်၏သား ကိုစိုးမင်းဦး ၀/မမန(နိုင်)၀၉၁၇၀၈နှင့် အများသိစေရန် ကြေညာပါသည်။

လွန်ခဲ့သော ၁၂-၁၁-၂၀၀၅ ရက်က ကိုစိုးမင်းဦးသည် မစင်မီထွန်းကို သွေးဆောင်ခေါ်ယူပြီး ရန်ကုန်မြို့ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံးတွင် လက်ထပ်စာချုပ်ပြုလုပ်ခဲ့ပါသည်။ မစင်မီထွန်းမှာ အုပ်ထိန်းသူမိဘာ၏ သဘောတူခွင့်ပြုခြင်းမရှိသည်မြင့် လက်ထပ်စာချုပ်မှာ လိမ်လည် လှည့်ဖြားမှု အရည်အချင်းပြည့်မီခြင်းမရှိသည့်အပြင် လက်ထပ်စာချုပ်မှာ လိမ်လည် လှည့်ဖြားမှု ချုပ်ဆိုခဲ့ရခြင်းဖြစ်ပါသည်။

မစင်မီထွန်းသည် ယဆေတိုင် မိဘများနှင့် လွတ်လပ်စွာအတူနေထိုင်ပြီး ကိုစိုးမင်းဦး နှင့်ပေါင်းသင်းဆက်ဆံခြင်း၊ အထောက်အပံ့ရယူခြင်းမရှိခဲ့ပါ။ ဦးစိုးမင်းဦး၏နွတ်ကတိ အရ လင်ယောအဖြစ်မမှ ကင်းပြတ်ပြီးလည်းဖြစ်ပါသည်။

သို့ပါ၍ မစင်မီထွန်းနှင့်မိဘများ၏ ကိုယ်၊ စိတ်နှင့် ဂုဏ်သရေတို့ကို ညှင်းနှမ်း ထိခိုက်စေသောအပြုအမူ အမြောအဆိုများ၊ တစ်ခဲတစ်ရာ အနောင့်အယှက်များ မပြုလုပ်ပါရန်နှင့် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ် ကြောင်း သိစေရန်ကြေညာပါသည်။

လွှဲအပ်သွန်ကြားချက်အရ-
ဦးခင်မောင်ဌေး B.A;H.G.P;R.L
အထက်တန်းရှေ့ရေ(၇၀၃)
၇၁၊ ကျောင်းတော်ရာလမ်း၊ အမှတ်(၉)ရပ်ကွက် ပဒုဏ္ဍာမြို့။

သားအမြစ်မှ အမွေမြေတစ်စွန့် လွှတ်ခြင်း

(ဦးချစ်ဆွေ)နှင့် ကျွန်မ ဒေါ်တင်ညွှန့် ၁၂/တမန(နိုင်)၀၆၁၀၀၇ တို့၏သား ဖောင်ကြည်မြင့် ၁၂/တမန(နိုင်)၀၆၁၀၀ သည် မိခင်ဖြစ်သူ၏ဆုံးမစကား နားမထောင်၊ မိခင်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမှုသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သမျှ ကိစ္စအ၀ဝကို တာ၀နိ်ယူ မြေရင်းပေးမည် မဟုတ်ပါကြောင်း။

(**ခ်စ်မိမေမမြန်နိုင်းသည်ဒီပါ။**)

ဒေါ်တင်ညွှန့်
၄၁၀၊ ဝည္ဆားလလမ်း
တာ၀ဓမ္မမြို့နယ်၊ ရန်ကုန်မြို့။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

● မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
● မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လုပ်ငန်းခွင်သုံး ပစ္စည်းများ ကူညီပေးနိုင်ရေး အလေးထားဆောင်ရွက်

နေပြည်တော် ဇွန် ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇွန် ၃ရက် ညနေ ၃နာရီတွင် ပုသိမ်မြို့ ဓြဧရာအစည်းအဝေးခန်းမ၌ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုခဲ့သည့် ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ် ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသတာဝန်ခံ ဝန်ကြီးများ၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။ (**အပေါ်ပို့**)

ပြန်လည်တည်ဆောက်ရေး

ယင်းသို့ တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နှာဂစ်မုန်တိုင်းဝင်ရောက်ခဲ့သည်နှင့်တစ်ပြိုင်နက် အမျိုးသားအဆင့်ဖြင့် ယခင်ကတည်းက ဖွဲ့စည်းထားသည့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီသည် စတင် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ကူညီပံ့ပိုးရမည့် ဝန်ကြီးဌာနများ၊ ပြည်သူများ၊

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားမြန်လည် စည်းလုံးညီညွတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ဗီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရှိနိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြန်ကားသတင်း ဆောင်းပါးအညွှန်း

ပြည်သူ့ကိုယ်စားလှယ် (လွှတ်တော်ကိုယ်စားလှယ်-အမတ်)များက ပြည်သူတို့ကိုယ်စား အချုပ်အခြာ အာဏာကို ကျင့်သုံး ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အတွင်းမှ ဆောင်ရွက်ကြရသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာပိုင်များကို ပြည်သူတို့က အခြေခံဥပဒေဖြင့် လုပ်ပိုင်ခွင့်ပေးအပ်ရမြဲဖြစ်သည်။ ထို့ကြောင့် အခြေခံဥပဒေကို ပြည်သူနှင့် အစိုးရ (ပြည်သူ့ကိုယ်စားလှယ် အာဏာပိုင်) တို့အကြား ချုပ်ဆိုသော (အချုပ်အခြာ အာဏာကျင့်သုံးမှု လုပ်ပိုင်ခွင့် အပ်နှင်းသော) စာချုပ်ကြီးဟု ဆိုခြင်းဖြစ်သည်။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး စာ - ၆